# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၈ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**
ပြည်တွင်းသတင်း စာ ၉

**ပင်လယ်ရေကြောင်းဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး**
ဆောင်းပါး စာ ၁၀

**သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**
ပြည်တွင်းသတင်း စာ ၁၆


# မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ်များ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီ



မြောက်ဦးမြို့၌ နိုင်ငံတော်ဓာတ်အားစနစ်မှ လမ်းမီးများ ထွန်းထားမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၇**

မေ ၁၄ ရက်က အလွန်အားပြင်းသော မိုခါမုန်တိုင်း သက်ရောက်မှုဒဏ်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ၁၀ မြို့နယ်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားသည့် ၂၃၀ ကေဗွီ၊ ၆၆ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၏ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့များသို့ ဇွန် ၇ ရက်နှင့် ဇွန် ၁၈ ရက်တို့တွင် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ကျန်ရှိနေသော ဒေသများအား လျှပ်စစ်မီးရရှိနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇွန် ၂၃ ရက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း – မြောက်ဦး ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြုပြင်ဆောင်ရွက်ပြီးဖြစ်သဖြင့်

*စာမျက်နှာ ၅ ကော်လံ ၁ ➡*




# ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်နေသည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ

မိမိတို့နိုင်ငံတွင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဖြစ်ပေါ်နေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများမှာ ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးအဖြစ် ကမ္ပည်းတွင်နေပြီဖြစ်သည်။ အယူဝါဒရေး၊ လူမျိုးစုရေး၊ ဘာသာရေး စသည်တို့တွင် သဘောကွဲလွဲမှုများဖြင့် လက်နက်ကိုင်ဆန့်ကျင်မှုများကို စတင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ဒီမိုကရေစီရေး၊ ဖက်ဒရယ်ရေးဟူ၍ ဖြစ်လာသည်။ ပြည်သူတို့၏ဆန္ဒနှင့်အညီ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တို့ကို ပြုပြင်ပြောင်းလဲပြီး ပါတီစုံဒီမိုကရေစီစနစ်နှင့် လွှတ်တော်တို့ပေါ်ပေါက်လာသည့်အခါ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းတော့မည်ဟု ပြည်သူများက မျှော်လင့်ခဲ့ကြသော်လည်း ဖြစ်မလာ။ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်နိုင်သည့် အခြားအကြောင်းပြချက်များကို လက်ညှိုးထိုးကြပြန်သည်။

လွတ်လပ်ရေးရပြီးနောက် ဆယ်စုနှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းမှု အပြည့်အဝမရရှိခဲ့ခြင်းက သက်ဆိုင်ရာဒေသများ၊ ဒေသတွင်းနေပြည်သူများအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း နှောင့်နှေးခဲ့သည်။ မိမိတို့နိုင်ငံထက် နောက်ကျပြီးမှ လွတ်လပ်ရေးရခဲ့သည့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ မိမိတို့နိုင်ငံထက်စော၍ ပြည်တွင်းစစ်၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းသွားခဲ့သည့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆီသို့ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ထစ်ပြီးတစ်ထစ် လှမ်းတက်သွားခဲ့ကြပြီ။ ပထဝီအနေအထားအချက်အချာကျပြီး သဘာဝသယံဇာတကြွယ်ဝလျက် အခွင့်အလမ်းကောင်းများရှိနေခဲ့သည့် မိမိတို့နိုင်ငံမှာမူ ပဋိပက္ခသံသရာတွင်း၌သာ တစ်ပတ်ပြီးတစ်ပတ်လည်ပတ်ရင်း တစ်စတစ်စ နောက်တွင်ကျန်ရစ်နေရပြီဖြစ်သည်။ နိုင်ငံရေးကို စားပွဲဝိုင်းတွင် ဖြေရှင်းရန် အခွင့်အလမ်းများရှိနေပါလျက် လက်နက်ကိုင်လမ်းစဉ်ကို ဆက်လျှောက်နေကြခြင်းက အဖွဲ့အစည်းများ၏ ထိပ်ပိုင်းတွင် အကျိုးစီးပွားများအပေါ်မက်မောတွယ်တာမှု၊ ဩဇာအာဏာအပေါ် ယစ်မူးနေမှုတို့ကြောင့်သာ ဖြစ်ဖွယ်ရှိပြီး ဒေသတွင်းနေပြည်သူတို့၏ ဆင်းရဲဒုက္ခတို့အပေါ် လျစ်လျူရှုရာရောက်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွင်လည်း ဥပဒေနှင့်အညီ ဆင်ခြင်တုံတရားပြည့်ဝစွာ ဖြေရှင်းခြင်းမပြုဘဲ ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည့်အပြင် ငါနှင့်မတူ ငါ့ရန်သူဟူသောမူဖြင့် လက်နက်မဲ့အရပ်သားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးများနှင့် သီလရှင်များ၊ ကျောင်းသားကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ ထောင်နှင့်ချီ၍ သတ်ဖြတ်ခဲ့ကြသည်။ ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို အကြောင်းပြု၍ နိုင်ငံပြင်ပ ရောက်နေသူများအတွင်း ကိုယ်ကျိုးရှာ အမြတ်ထုတ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လျက်ရှိရာ မြန်မာပြည်တွင်း အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ ရှိနေသရွေ့၊ နိုင်ငံနှင့်ပြည်သူတို့ ထိခိုက်နစ်နာဆုံးရှုံးနေသရွေ့ ၎င်းတို့အတွက် အကျိုးအမြတ် များရှိနေမည်ဖြစ်သည့်အတွက် စစ်မီးတောက် ကြီးသည်ထက်ကြီးအောင် လောင်စာအမျိုးမျိုးထည့်နေကြမည်သာဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သော EAO များနှင့် NUG ၊ CRPH လက်အောက်ခံ PDF အကြမ်းဖက်အုပ်စုများ၏ နောက်ကွယ်တွင်မူ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များလည်းရှိနေပြီး မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုကျယ်ပြန့်လာရေးဆောင်ရွက်မှုများရှိနေသည်။ စင်စစ်နိုင်ငံတော်၏တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စစ်မှန်သောဆန္ဒမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ နိုင်ငံ့အရေးကို အေးချမ်းစွာ ဖြေရှင်းနိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် သက်ဆိုင်သူအားလုံးက အဖြေရှာဆောင်ရွက်ကြရာတွင် ပဋိပက္ခများကို ရှောင်ရှားကာ ပြည်သူတို့၏ဆန္ဒကို အလေးမူကြရန်သာ ဖြစ်ပါကြောင်း။ ။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်




နေပြည်တော် ဇွန် ၂၃

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ ပညာရေးသည် နိုင်ငံ၏ အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မျိုးဆက်သစ်များ အဆက်ဆက် တိုးတက်လာစေရန်အတွက် အသိပညာ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီး ၁၈ ဦး အောင်မြင်ခဲ့ပြီး လေးဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ သုံးဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ သုံးဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၁ ဦးတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် အသိအမှတ်ပြု ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက် ရိုးရိုးအောင်မြင်သူ ၁၁ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇွန် ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက် ပိုနေမည်။

**မိုး/ဇလ**

# တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Taur Matan Ruak ၏ ဇနီး Madame Isabel da Costa Ferreira ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၂၃

နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Taur Matan Ruak ၏ ဇနီး Madame Isabel da Costa Ferreira ကွယ်လွန်ခဲ့သည့်အတွက် အမှတ်(၁၀၇)/ E ဗဟိုလမ်း ကရင်ခြံရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် သွားရောက် လက်မှတ်ရေးထိုးသည်။ **သတင်းစဉ်**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် ဇွန် ၂၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၂၅ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇွန် ၂၃**

အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

## ပြင်ဆင်ဖွဲ့စည်း

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်မြေအသုံးချမှု မူဝါဒနှင့်သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀၇/၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်၊ ဇွန် ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၂၂တို့ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားမြေအသုံးချမှုကောင်စီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားမြေအသုံးချမှုကောင်စီ ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပထမဦးဆုံးအစည်းအဝေးဖြစ်ပါကြောင်း၊ မြေယာသိမ်းဆည်းမှုများ၊ အငြင်းပွားမှုများ၊ တိုင်တန်းမှုများလည်း များပြားလာခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဖြေရှင်းရမည့် နည်းလမ်းများလည်း ရှုပ်ထွေးများပြားသည့်အတွက် မြေယာစီမံအုပ်ချုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ကာ အကျိုးဆက်အနေနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတား ဖြစ်စေခဲ့ကြောင်း။

ထို့ကြောင့်၂၀၁၂ ခုနှစ်မှစပြီး အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပပညာရှင်များနှင့် ပူးပေါင်းပြီး အမျိုးသားမြေအသုံးချမှု မူဝါဒတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၂ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး အစည်းအဝေး (၃၉)ကြိမ်၊ နည်းပညာသင်တန်း(၂) ကြိမ်၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (၅) ကြိမ် ကျင်းပကာ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ရလဒ်များနှင့် အကြံပြုဆွေးနွေးချက်များကို အခြေခံပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် အမျိုးသားမြေအသုံးချမှုမူဝါဒကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

## မူဝါဒလမ်းညွှန်ချက်အသေးစိတ်ပြဋ္ဌာန်းထား

အမျိုးသားမြေအသုံးချမှုမူဝါဒသည် မြေယာနှင့် အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအများ မြေယာလုပ်ပိုင်ခွင့် ခိုင်မာရေး၊ တိုင်းရင်းသား လူမျိုးတို့၏ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုအကာအကွယ်ပေးရေး၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျသက်သာမှုနှင့် လွတ်လပ်မှုရှိသော မြေယာအမှုအခင်းများ ဖြေရှင်းဆုံးဖြတ်သည့် လုပ်ငန်းစဉ်များ ထူထောင်ရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံခန့်ခွဲမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားမြေဥပဒေရေးဆွဲပြီး တည်ဆဲမြေယာဥပဒေများကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရေးတို့ကို ရည်ရွယ်ထားပြီး မူဝါဒလမ်းညွှန်ချက် အသေးစိတ်များ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှုမူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သည့်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း။

အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် မြေယာအသုံးချမှုနှင့် စပ်လျဉ်းပြီး တည်ဆဲဥပဒေများနှင့် သဟဇာတဖြစ်သည့် အမျိုးသားမြေစီမံခန့်ခွဲမှု ဥပဒေရေးဆွဲပြုစုရေး၊ မြေအသုံးချမှုစီမံအုပ်ချုပ်ရေးကိစ္စများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့် ပညာရပ်ဆိုင်ရာများ အကြံဉာဏ်များပေးနိုင်ရေး၊ စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ်များ ချမှတ်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး၊ မြေအသုံးချမှု စီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ စနစ်တကျရေးဆွဲပြုနိုင်ရေး၊ မြေအရင်းအမြစ် သတင်းအချက်အလက်နှင့် မြေပုံများမှန်ကန်စေရေး၊ မြေအရင်းအမြစ်များ စီမံခန့်ခွဲရာတွင် စနစ်တကျဖြစ်စေရေးနှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြေသယံဇာတ အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးနှင့် ပြည်သူအများ မြေယာလုပ်ပိုင်ခွင့်ခိုင်မာရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၊ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားမြေအသုံးချမှုမူဝါဒ (၂၀၁၆) ခုနှစ်ကို အခြေခံပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ Focal ဝန်ကြီးဌာနဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမျိုးသားမြေဥပဒေတွင် ပါဝင်သင့်သော အခန်းများ(ပထမမူကြမ်း) [၂၀၂၂] ကို တင်ပြဆွေးနွေးခဲ့ပြီး အဆိုပါမူကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနတချို့ကလည်း သဘောထားမှတ်ချက် ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်း။

## အလေးထားဆောင်ရွက်ပေး

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ ပေးပို့လာသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် (၂)တို့တွင် ပါရှိသော "မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက်များ" အား အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေ(မူကြမ်း)ရေးဆွဲပြုစုရာတွင် ထည့်သွင်းရေးဆွဲနိုင်ရေး သက်ဆိုင်ရာအမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီအနေဖြင့် အလေးထားဆောင်ရွက်ပေးစေလိုကြောင်း။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပေးခြင်းများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးဆုံးဖြတ်ချက်အား မူဝါဒအဖြစ် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်စေလိုကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက်၊ နေရာဒေသအလိုက် ကျရာနေရာမှပါဝင်ပြီး ကြိုးပမ်းထမ်းဆောင်ကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က မြေယာမူဝါဒနှင့်စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မြေယာမူဝါဒနှင့် စပ်လျဉ်းပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဝန်ကြီးဌာနများအနေဖြင့် မြေယာနှင့်စပ်လျဉ်းပြီး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဦးစီးဌာနများအလိုက် ဌာနပိုင်မြေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့ရွာများခွင့်ပြုချက်မရှိဘဲ တိုးချဲ့ဆောင်ရွက်နေမှုကို ထိန်းသိမ်းဆောင်ရွက်ရမည့်အချက်များ၊ လမ်းမြေများပေါ်တွင် ကျူးကျော်မှုများအား ထိန်းသိမ်းဆောင်ရွက်ရမည့်အချက်များနှင့် အမျိုးသားမြေဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၄ သို့*

**❖ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပေးခြင်းများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးဆုံးဖြတ်ချက်အား မူဝါဒအဖြစ် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်စေလို**

**❖ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက်၊ နေရာဒေသအလိုက် ကျရာနေရာမှပါဝင်ပြီး ကြိုးပမ်းထမ်းဆောင်**

## ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၃ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

**ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ MMM ကွန်ဒို၊ အမှတ် ၄၃-၄၄ (8-A) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)** ၏ မှတ်ပုံတင်အမှတ်မှာ (၂၈) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၄ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

**ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊ အမှတ် (၄၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရက်တစ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၂၉) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဒီမိုကရက်တစ်အင်အားစုလေဘာပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မလွန်ဆေးရိုးဝင်း၊ အောင်နန်းအနောက်ရပ်ကွက်၊ ၃၃ x ၃၄ ကြား၊ (၈၅) လမ်း၊ အမှတ် (၁၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၀) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသမီးပါတီ (မွန်) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၆ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

**အမျိုးသမီးပါတီ (မွန်) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (၅/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသမီးပါတီ (မွန်)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသမီးပါတီ (မွန်)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၁) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၃ မှ*

ယင်းနောက် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ်ရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသားမြေအသုံးချမှု ဥပဒေရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်အကောင်အထည်ဖော်ရေးနှင့် အမျိုးသားမြေအသုံးချမှုဥပဒေပေါ်ပေါက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု ကိစ္စရပ်များအပြင် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေအသုံးချမှုနှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် မြေယာမူဝါဒနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



### အုတ်တွင်းမြို့နယ်၌ တိရစ္ဆာန်အစာပင် နေပီယာမြက်များစိုက်ပျိုး

**အုတ်တွင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးရာသီ တိရစ္ဆာန်အစာပင် နေပီယာမြက်များကို နတ်ရေတွင်းကျေးရွာနေ တောင်သူဦးတိုးတိုး၏ယာမြေတစ်ကေ၌ ဇွန် ၂၂ရက်က စိုက်ပျိုးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နေပီယာမြက်မျိုးများ ထောက်ပံ့ပေးသည်။

ကျွဲ၊ နွား မွေးမြူရေးတွင် အစာရှားပါးမှုလျော့နည်းစေရန်၊ အာဟာရဓာတ်ကြွယ်ဝသော ကျွဲ၊ နွားအစာများရရှိစေရန်၊ ကျွဲ၊ နွားများ အာဟာရပြည့်ဝသော အစာများ စားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်အစာပင် နေပီယာမြက် စိုက်ပျိုးခြင်းဖြစ်ပြီး နေပီယာမြက်မျိုးကို ဖြန့်ဝေပေးသည်။ အဆိုပါ မြက်များကို သုံးလကျော်တွင် စတင်ရိတ်သိမ်း၍ရကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

### အိမ်မဲမြို့နယ်၌ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်း သရုပ်ပြ

**အိမ်မဲ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာပင် နေပီယာမြက် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု ဒိုးကုန်းကျေးရွာ တောင်သူ ဦးချစ်ကိုနိုင်၏ လယ်မြေတစ်ကေ၌ ကျင်းပသည်။ အဆိုပါသရုပ်ပြပွဲသို့ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများ တက်ရောက်ကြသည်။ **ချစ်သက်လယ် (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. A. S. M. Sayem အား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇွန်  ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. A. S. M. Sayem အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းကို ဆောလျင်စွာ စတင်နိုင်ရေး၊ နှစ်နိုင်ငံအကျိုးတူကဏ္ဍများအပြင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဝါဂွမ်းမွေး ချည်မျှင်ရှည် စံချိန်ပြည့်ဝပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော ဝါသီးနှံမျိုးသစ် အသုံးပြုနိုင်ရေးကြိုးပမ်း

**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇွန်၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံများဖြစ်သော ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံနှင့် ကျောက်ဆည်မြို့နယ် လွန်ကျော်ခြံများတွင် ဆောင်ရွက်လျက်ရှိသည့် ဥဇဘက်ကစ္စတန် ဝါမျိုး ရှစ်မျိုးကို စမ်းသပ်စိုက်ပျိုးလေ့လာမှု လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက စမ်းသပ်ကွက်များ အလိုက် စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ဝါမျိုးသစ်များစမ်းသပ်စိုက်ပျိုးရာတွင် မြေစတင်ပြုပြင်သည်မှ ဝါခူးဆွတ်သည်အထိ နေ့အလိုက်၊ အပတ်လိုက်၊ လအလိုက် ဆောင်ရွက်မှုတွေ့ရှိချက်များကို မှတ်တမ်းစဉ်ဆက်ထားရှိပြီး လုပ်ငန်းပြီးမြောက်ချိန်တွင် အားသာချက်၊ အားနည်းချက်များအရ ဒေသတွင်း တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် မျိုးများ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိစမ်းသပ်နေသော ဝါမျိုး ရှစ်မျိုးရှိပြီး အပင်ဖြစ်ထွန်းမှုအရ ဝါမျိုး ခြောက်မျိုးမှာ အလားအလာရှိသော်လည်း ရောဂါ ခံနိုင်ရည်ပိုင်းတွင် အားနည်းချက်များ ရှိနေသည့်အတွက် အထူးဂရုပြုရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့်အတူ ပုသိမ်ကြီးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (PHTTC) ၏ တောင်သူနည်းပညာပေးသင်တန်းနှင့်ဌာနတွင်း နိုင်ငံဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများနှင့် သင်တန်းခန်းမတွင် တွေ့ဆုံ၍ မိမိတို့ကျွမ်းကျင်တတ်မြောက်ထားသော ပညာရပ်ကို အခြေခံ၍ တာဝန်ထမ်းဆောင် နေကြသော်လည်း လုပ်ငန်းခွင်နှင့် ဆက်စပ်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာသွားကြရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင် ကော်ဖီဥယျာဉ်သို့ ရောက်ရှိပြီး ကော်ဖီဥယျာဉ်အတွင်း အများပြည်သူများ ကော်ဖီနှင့်ပတ်သက်၍ လာရောက်လေ့လာနိုင်ကြရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

မြောက်ဦးမြို့ရှိ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မြောက်ဦးဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၅)ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ ၉၄ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၆ ရွာရှိ မီးသုံးသူ ၅၃၅၇ ဦး၊ မင်းပြားမြို့ရှိ ၆၆/၃၃/၁၁ ကေဗွီ မင်းပြားဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၄) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ အလုံး ၄၀ ဖြင့် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာ သုံးရွာရှိ မီးသုံးသူ ၃၁၂၁ ဦး၊ မြေပုံမြို့ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မြေပုံဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၂) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ ၂၄ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာ ငါးရွာရှိ မီးသုံးသူ ၂၃၁၀ တို့အား ဓာတ်အား ဖြန့်ဖြူးပေးထားပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြေပုံမြို့ ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များရှိ ဆိုင်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားစဉ်။



မင်းပြားမြို့ ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက် နေအိမ်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားစဉ်။

# အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  ဇွန်  ၂၃**

၂၀၂၃ ခုနှစ်အတွက် ဒုတိယအကြိမ် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ရှိ အေကေးရှားဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မန္တလာတက္ကသိုလ်(မန္တလေး)၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်(ရန်ကုန်)တို့မှ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ ညောင်ဦးခရိုင်ရှိ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက Online ဖြင့်လည်းကောင်း၊ ပုဂံဟိုတယ်ဇုန်မှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများက Inperson ဖြင့်လည်းကောင်း ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ဘာသာရပ်တာဝန်ခံများက အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် (၂၀၁၆–၂၀၂၅) အရ ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ အာဆီယံမှ ထုတ်ပြန်ထားသည့် စံနှုန်းများအကြောင်းနှင့် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ်(MRA–TP) အကောင်အထည်ဖော်ဆောင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည့်မေးခွန်းများကို ပြန်လည်ဖြေကြားပေးကြပြီး အသိပညာပေးဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၃

**(၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယခင်နှစ်များအတိုင်း အခမ်းအနား (၄) ရပ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အာဇာနည်ဗိမာန်တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချအလေးပြု အခမ်းအနား၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် နိုင်ငံတော်အလံတိုင် တစ်ဝက် လွှင့်ထူခြင်းအခမ်းအနား၊ ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကျင်းပပြုလုပ်မည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားနှင့် အများပြည်သူများ ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တို့ကို ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း။

အာဇာနည် ဗိမာန်တွင် ဆောင်ရွက်မည့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနားနှင့် စပ်လျဉ်း၍ နိုင်ငံတော်အခမ်းအနားဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိရန်နှင့် ယခုကျင်းပမည့် အခမ်းအနားတွင် အားနည်းချက် မရှိစေရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဇာနည်နေ့ အခမ်းအနား ကျင်းပနိုင်ရေး အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီများ ဖိတ်ကြားမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တက်ရောက်လာသူများက (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပနိုင်ရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ဆပ်ကော်မတီအလိုက် ပေးအပ်ထားသော တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့် အတူ မေ ၂၅ ရက်က ဘဝနတ်ထံပျံလွန်တော်မူခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားသို့ ကြွရောက်တော်မူခဲ့ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဟံသာသီရိကုန်းစိန်ရတုကျောင်းဆောင်၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသော အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ဥတ္တရခရိုင် ကုသိနာရုံမြို့ ကုသိနာရုံ မြန်မာကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ ဆရာတော်ကြီးထံမှ ဩဝါဒခံယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသောလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်ရန်ဆောင်ရွက်

**မကွေး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသော လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်ရန်နှင့် ဒေသ၏ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူမှုပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဒေသနှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် Target ထားပြီး ဖိတ်ခေါ်ရမည် ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လေအားလျှပ်စစ် စီမံကိန်းများလည်း အပါအဝင်ဖြစ်ကြောင်း၊ လေအားလျှပ်စစ် စီမံကိန်းသည် ပတ်ဝန်းကျင်ကို မထိခိုက်စေသည့်အပြင် နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာ ရောက်ပြီး နိုင်ငံ၏ အခြေခံအဆောက်အဦကိုလည်း တိုးတက်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် အဆိုပါ ကဏ္ဍတွင် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရေး အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ကြုံတွေ့ရသော အတွေ့အကြုံများကို အခြေခံပြီး ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ကောင်းဖြစ်စေရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် ရခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၏ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ဆွေးနွေးခြင်းနှင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၊ မကွေးမြို့နယ် စုပေါင်းရုံး (ဒုတိယထပ်)၊ ပြည်တော်သာ (၁) လမ်း၊ ပြည်တော်သာရပ်ကွက် မကွေးမြို့ ဖုန်း ၀၆၃-၂၀၂၈၇၄၈ သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်ညီညာ**

# တောင်ကုတ်မြို့နယ်၌ မိုးစပါးပေါင်းပျိုး မျိုးစေ့ချ ကွင်းသရုပ်ပြပွဲပြုလုပ်

**တောင်ကုတ် ဇွန် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါးပေါင်းပျိုး မျိုးစေ့ချ ကွင်းသရုပ်ပြပွဲကို ယမန်နေ့က သက္ကယ်ပြင်ကျေးရွာ၌ ပြုလုပ်သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်စီအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်တိုးတို့က အမှာစကား ပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသိန်းက မိုးစပါးပေါင်းပျိုး မျိုးစေ့ချကွင်းသရုပ်ပြပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မိုးစပါး ပေါင်းပျိုးမျိုးစေ့ချခြင်းကို ဆောင်ရွက်သည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ်ဖြင့် နေပီယာမြက် စိုက်ပျိုးသရုပ်ပြခြင်းကို ဇွန် ၂၃ ရက် နံနက်က ဖြူးမြို့နယ် မင်းဂံရိုး ကျေးရွာအုပ်စု ဒိုင်းတရာ(မြောက်)ကျေးရွာ တောင်သူ ဦးတင်ငွေ၏ ခြံမြေတစ်ကေ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက နေပီယာမြက်ကို လက်တွေ့စိုက်ပျိုးကြစဉ်။ နေမျိုးလွင်(ပြန်/ဆက်)

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှု ကောင်းမွန်ရေးသည် အရေးကြီး

**စစ်တွေ ဇွန် ၂၃**
ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း (စစ်တွေ)( **အောက်ပုံ**)၊ ပြည်နယ်





သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြရာတွင် ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ရုံးအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများတွင် အမိုးအကာအောက် ပြည့်စုံလုံလောက်စွာ အမြန်ရောက်ရှိပြီး နိုင်ငံ့တာဝန်များ ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရေးသည် အရေးကြီးကြောင်းနှင့် စစ်တွေမြို့ကို သန့်ရှင်းသာယာလှပသည့် မြို့တစ်မြို့ဖြစ်အောင် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက် ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်ညီညီညွတ်ညွတ် ထိထိမိမိ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေး မိုဘိုင်းစခန်းများ ထိခိုက်ပျက်စီးခဲ့ရာ ယနေ့အထိ မိုဘိုင်းစခန်းပေါင်း ၁၂၂၇ ခုကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုဘိုင်းဖုန်းဆက်သွယ်ရရှိမှုအနေဖြင့် ၉၉ ဒသမ ၅၁ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စက်မှုလယ်ယာဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများမှ တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက် အစီး ၈၀ ဖြင့် ထွန်ယက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၂ ရက်အထိ မြေဧက ၁၉၀၉ ဧကကို ထွန်ယက်ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့သို့ သွားရောက်ပြီး မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး ပြည်တော်အေး-၄ သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ လျင်လျင်မြန်မြန် ဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့များအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် သံတွဲမြို့ သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ က ပြည်နယ်ဝန်ကြီးချုပ်ထံ အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်း မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပြီးစီးမှုများနှင့် အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်နေကြသည့် မြင်ကွင်းများကို တွေ့မြင်ရ ကွပ်ကဲမှု ကောင်းမွန်ရေးသည် အရေးကြီးကြောင်း၊ ထို့အတူ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပြီး စည်းစည်းလုံးလုံး ရပ်ကွက်နှင့် ကျေးရွာ ၅၇၉ ရွာ၌ ရွှေ့လျား ရေသန့်စင်ကား၊ ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက်နှင့် Life Straw တို့ဖြင့် ရေဂါလန်ပေါင်း

*စာမျက်နှာ ၈ သို့*



မြောက်ဦးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှုကို တွေ့ရစဉ်။



မင်းပြားမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှုကို တွေ့ရစဉ်။



မြေပုံမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှုကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Mandalay Region Chamber of Commerce & Industry –MRCCI) အသင်းမှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဇွန် ၂၂ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ MRCCI မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ဒေသဆိုင်ရာ စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် MRCCI အသင်း၏ ကဏ္ဍမှာ များစွာအရေးကြီးကြောင်း၊ အသင်း၏ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်များကပါ လက်ခံနိုင်သည့်အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲနေသည့် နည်းပညာများနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီးပွားရေးကျင့်ဝတ်နှင့်အညီ ရေရှည်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးစနစ်ကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက အသင်း၏ ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများ၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသင်းသားဦးရေ ၃၆၀၀ ကျော်၊ လုပ်ငန်းကော်မတီ ၁၃ ခု၊ ညီနောင်အသင်း ၄၅ သင်း၊ မိတ်ဖက်အသင်း သုံးသင်းရှိပြီး စီးပွားရေးနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားတက်သရောပါဝင် ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ကုန်သွယ်ရေး၊ စီးပွားရေးအပြန်အလှန် ဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့်အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးပြီးနောက် MRCCI မှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခြေအနေများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MRCCI မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြ အကြံပြုဆွေးနွေးချက်များနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

၁၀၃၆၁၈၆ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ကာ မုန်တိုင်းကြောင့် ဆားငန်ရေဝင်ရောက်ခဲ့သည့် မြေသားရေကန် ၂၃၃ ကန်မှ ရေများ စုပ်ထုတ်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြေသားရေကန် ၂၃၀ ကို စုပ်ထုတ်ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ၁၀ မြို့နယ်သို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးထားသည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ယနေ့ညပိုင်းတွင် မြောက်ဦးမြို့ရှိ ဓာတ်အားခွဲရုံမှတစ်ဆင့် မြောက်ဦးမြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၆ရွာကို လည်းကောင်း၊ မင်းပြားဓာတ်အားခွဲရုံမှတစ်ဆင့် မင်းပြားမြို့ပေါ် ရှစ်ရပ်ကွက်နှင့် ကျေးရွာ သုံးရွာသို့လည်းကောင်း၊ မြေပုံ ဓာတ်အားခွဲရုံမှတစ်ဆင့် မြေပုံမြို့ရှိ ရပ်ကွက်ကိုးခုနှင့် ကျေးရွာ ငါးရွာသို့ လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရသေ့တောင်မြို့နယ်တွင် ရေသန့်သောက်သုံးရေ ဖြန့်ဝေစဉ်။



မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာ မြေသားရေကန်မှ ဆားငန်ရေစုပ်ထုတ်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။



မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်များဖြင့် ထွန်ယက်စဉ်။



ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်များဖြင့် ထွန်ယက်စဉ်။

---

## စီးပွားရေးသတင်းများ

### ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ ပို့ကုန်တန်ချိန် ၁၀၄၅ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၉ သန်း)၊ သွင်းကုန်တန်ချိန် ၁၄၉တန်(တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၃၉၆ သန်း) ဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉၅ သန်း ဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ တာဝမ်တန်ချိန် ၁၀ ဒသမ ၂၄၊ စစ်ဟောက် တန်ချိန် ၉ ဒသမ ၆၊ ပလာလန်းတန်ချိန် ၂ ဒသမ ၅၂၊ ငါးပါကင်တန်ချိန် ၃ ဒသမ ၆၊ ငါးပြက်တန်ချိန် ၁ ဒသမ ၁၊ ပလာတူးတန်ချိန် ၁ ဒသမ ၀၄၊ ဇလွယ်တန်ချိန် ၀ ဒသမ ၆၊ ငါးလိပ်ကျောက် တန်ချိန် ၀ ဒသမ ၄၊ ပုစွန်တန်ချိန် ၀ ဒသမ ၁၂ နှင့် သဲကဏန်း တန်ချိန် ၀ ဒသမ ၁၆ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ် ၂၂ ဒသမ ၅ တန်၊ ပီလောပီနံမှုန့် တန် ၁၂၀၊ ကြွေပြားတစ်တန်၊ ငါးဖမ်းပိုက် ၁၂ တန်၊ ဖော့သီး သုံးတန်၊ ပလတ်စတစ်ခြင်း နှစ်တန်၊ စတီးဝိုင်ယာကြိုး သုံးတန်နှင့် ဝါဂွမ်း တစ်တန်တို့ဖြစ်သည်။

ကော့သောင်းနယ်စပ်ဒေသ၌ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၆၁ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၆ ဒသမ ၁ ကျပ်ခန့် ဖြစ်သည်။

### ရှမ်းပြည်နယ်၏ သနပ်ဖက်ရွက် စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မြန်မာနိုင်ငံတစ်ဝန်းတွင် သောက်သုံးနေသည့် သနပ်ဖက်ရွက်ဖြင့် လိပ်ထားသော ဆေးပေ့ါလိပ်လုပ်ငန်းသည် ရှမ်းပြည်နယ်၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပြီး အဆိုပါသနပ်ဖက်ပင်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်၊ ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံး၊ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယ စသည့်မြို့နယ်များတွင် တော၊ တောင်များကို ရှင်းလင်းပြီး စိုက်ပျိုးကြကြောင်း သိရသည်။

သနပ်ဖက်ပင်ကို ရေမဝပ်သော တောင်ခါးပန်းများတွင် စိုက်ပျိုးကြပြီး တစ်ခြံလျှင် အပင်ရေ ၅၀ မှ ၄၀၀၀အထိ စိုက်ပျိုးကြကြောင်း၊ ကဆုန်လတွင် မြေဆွ၍ မျိုးကြဲကာ အပင်ပေါက်များ နှစ်တောင်ထွာခန့်ရှိသည့်အချိန်၌ နုတ်၍တစ်ပင်နှင့်တစ်ပင် နှစ်ပေခန့်ခြားပြီး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းလျှင် သုံးနှစ်သားအရွယ်မှ စတင်၍ အရွက်များခူးရပြီး စိုက်ပျိုးသည့် မြေမကောင်းလျှင် လေးနှစ်သားအရွယ်မှ စတင်၍ အရွက်များခူးဆွတ်ရကြောင်း၊ သနပ်ပင် တစ်ပင်လျှင် အရွက်ရေ ၃၀ မှ ၄၀ အထိထွက်ရှိကြောင်း၊ သနပ်ဖက်ကို ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင်ခူးရပြီး တစ်နှစ်လျှင် လေးကြိမ် ခူးရကြောင်း သိရသည်။

သနပ်ဖက်ကို ဆေးလိပ်လိပ်ရာတွင် အရွက်အစိမ်းတိုင်း အသုံးမပြုရကြောင်း၊ သနပ်ဖက်အရွက်များကို အကြောသင်၍ အကြောသင်ပြီးသား ဖက်များကို ဒယ်ပြားထဲသို့ထည့်ပြီး သဲထုပ်ဖိ၍ လှော်ရကြောင်း၊ လှော်ပြီးသားဖက်ရွက်များကို အကြီးအသေးခွဲခြားကာ စနစ်တကျထုပ်ပိုးပြီး ပွဲရုံများသို့ သနပ်ဖက်ရွက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှင့် ဖက်ရွက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ တစ်နှစ်လျှင် သနပ်ဖက်ရွက်ပိဿာချိန် ၁၂၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် သနပ်ဖက်ကို မြန်မာနိုင်ငံအနှံ့အပြားရှိ ဆေးပေ့ါလိပ်လုပ်ကိုင်သည့် မြို့များသို့ တင်ပို့ရောင်းချရကြောင်း သိရှိရသည်။ **DOCA(ရှမ်း)**

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

"ဥတုရာသီ တောကိုမှီ" ဆိုသည့်အတိုင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ရာသီဥတုမျှတမှုရှိစေရေးနှင့် ရုံးပတ်ဝန်းကျင်စိမ်းစိုသာယာလှပစေရေး ရည်ရွယ်လျက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန e–ID Department အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး**(ယာပုံ)** ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ခရေစသည့် ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် နှစ်ရှည်ပင်နှင့် ပန်းအလှပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန e–ID Department အဆောက်အအုံသစ် ဘေးပတ်ဝန်းကျင်တွင် ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ တမာ၊ ဗာဒံ စသည့် နှစ်ရှည်ပင် ၂၅၀ နှင့် စိန်တစ်လုံးသရက်ပျိုးပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၃**

တက္ကသိုလ် လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသောဦးတည်ချက်ဖြင့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး – ခြောက်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင်လည်း ပညာရေးဝန်ကြီးဌာန (ခ)အသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် သုံးဂိုးစီ သရေရလဒ်ဖြင့် ပြိုင်ပွဲပြီးဆုံးသည်။

ယနေ့ ယှဉ်ပြိုင်ကစားကြသည့် ပွဲစဉ်များသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသားအားကစားသမားများကို ရွေးချယ်လေ့ကျင့်၍ ၂၀၂၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၁) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games–AUG) အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်သွားစေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ကွင်းသရုပ်ပြပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာ၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဇွန် ၂၀ ရက်က တောင်သူ ဦးနိုင်ကြီး၏ ကွင်းအမှတ် ၁၈၁၄ ရှိ ပိုက်ဆံလျှော် ၁၀ ဧက စိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက နေပြည်တော်အတွင်း ယခုနှစ် ၂၀၂၃ – ၂၀၂၄ ခုနှစ်တွင် မိုးစပါး မစိုက်ပျိုးသေးသည့် ဧပြီလ၊ မေလတွင် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်၊ ပဲလွန်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲမျိုးရင်းဝင် ၂၃၅၄ ဧက စိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ် ဆောင်ရွက်ခဲ့သည်ကို သိရှိရကြောင်း၊ သီးနှံအထွက်တိုး၊ အသုံးငွေလျှော့ချခြင်းအတွက် အလွယ်ဆုံးနှင့် အသက်သာဆုံး ဖြေရှင်းနည်းလမ်းမှာ သစ်စိမ်းမြေဩဇာ ကျွေးခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် ဝမ်းစာပြည့်မီရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာ၌ တစ်ဧက အထွက်နှုန်းတိုးတက်ပြီး ကုန်ကျစရိတ်သက်သာ၍ တောင်သူများ အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်းနှင့် သစ်စိမ်းမြေဩဇာပင်များ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး၍ ထယ်မှောက်ခြင်း၊ သဘာဝမြေဩဇာများ (နွားချေး၊ ကြက်ချေး၊ သစ်ရွက်ဆွေး) ထည့်သွင်းကြရန်နှင့် ဓာတ်မြေဩဇာများ လျှော့ချသုံးစွဲခြင်းဖြင့် မိသားစုဝင်ငွေတိုး၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက သစ်စိမ်းမြေဩဇာပင်များ စိုက်ပျိုးရခြင်း ရည်ရွယ်ချက်၊ သုံးစွဲရန်လိုအပ်သည့် အကြောင်းရင်း၊ အကျိုးကျေးဇူးများနှင့် အသုံးဝင်ပုံများ အကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာသည့် တောင်သူများက တောင်သူဦးနိုင်ကြီး၏ ကွင်းအမှတ် ၁၈၁၄ ရှိ ပိုက်ဆံလျှော် ၁၀ ဧက စိုက်ခင်း၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ် ကွင်းသရုပ်ပြနေမှုကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

# တောင်ကြီးမြို့နယ်အတွင်း မိုးရာသီတိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ် ဆောင်ရွက်

**တောင်ကြီး ဇွန် ၂၃**

တောင်ကြီးမြို့နယ်အတွင်း မိုးရာသီတိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ် ဆောင်ရွက်မှုအနေဖြင့် တိရစ္ဆာန်အစာပင်ဖြစ်သော မွန်ဘားဆား၊ ရိုဇီမြက်မျိုးများစိုက်ပျိုးခြင်းကို ဇွန် ၂၂ ရက်က တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ကွင်းအမှတ် ၇၇၊ မြေကွက်အမှတ် ၁၀၉ မြေရေိယာ ၃ ဒသမ ၆၈ ပေါ်တွင် စိုက်ပျိုးဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်၊ တောင်ကြီးခရိုင်ဦးစီးမှူး၊ တောင်ကြီးမြို့နယ် ဦးစီးဌာနမှူးတို့နှင့် ဒေသတွင်းရှိ မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာကော်မတီဝင်များ မွေးမြူရေးဘဏ်စနစ်ကျေးရွာကော်မတီဝင်များက မွန်ဘားဆား မြက်မျိုး ၁ ဧကနှင့် ရိုဇီမြက်မျိုး ၂ ဧက စုစုပေါင်း ၃ ဧကကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

*စာမျက်နှာ ၁၀ မှ*

**မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ အရင်းခံ**

## ❂ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများ တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ မြန်မာ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အထူးစစ်ဆင်ရေး “Operation 39” ကို ဆောင်ရွက်နေ

## ❖ မြန်မာနိုင်ငံ၏ ကျယ်ပြန့်သောနယ်မြေအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးပြဿနာကြီးကို ဖြေရှင်းနိုင်ရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်နေ

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအတွင်း မူးယစ်ဆေးဝါးပြဿနာကို ခါးသီးစွာခံစားနေရသောနိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ အခြေခံကျသော ပြဿနာမှာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် မရှိမဖြစ် လိုအပ်သော ပရီကာဆာဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်နေမှုများပင်ဖြစ်သည်။ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကကျသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ချက်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများသည် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်ခြင်း၊ ပြည်တွင်းအသုံးပြုနေသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွှဲရောက်ရှိခြင်းများသည် အရေးကြီးသော ပြဿနာရပ်တစ်ခု ဖြစ်သည်။ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ထားခြင်း မရှိသော ဓာတုပစ္စည်းများ တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ မြန်မာ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အထူးစစ်ဆင်ရေး “Operation 39” ကို ဆောင်ရွက်နေဆဲဖြစ်သည်။

**မူးယစ်ဆေးဝါးပြဿနာ၏ သဘောသဘာဝ**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အထူးစစ်ဆင်ရေးများ ဆောင်ရွက်နေမှုများကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု ပုံသဏ္ဌာန်များလည်း ပြောင်းလဲလာလျက်ရှိသည်။ မူးယစ်ဆေးဝါး ချက်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် Balloon Effect သက်ရောက်မှုပုံစံမျိုးဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေသည့်နေရာမှ အားနည်းချက်များ ဖြစ်ပေါ်နေသည့် နေရာများသို့ ပြောင်းရွှေ့သွားသဖြင့် မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာနှင့်ပုံစံ၊ သယ်ဆောင်ပုံ၊ သို့ဝှက်ပုံ နည်းလမ်းများနှင့် လမ်းကြောင်းများ ပြောင်းလဲလာလျက်ရှိသည်။

သာမန်အားဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်လာခြင်းက မူးယစ်ဆေးဝါးဈေးနှုန်း မြင့်တက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သော်လည်း ဒေသတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဈေးကွက်ချဲ့ထွင်လာမှုကြောင့် ထုတ်လုပ်မှုမြင့်မားလာခြင်း၊ သုံးစွဲမှုပုံစံပြောင်းလဲလာခြင်းနှင့် ဈေးနှုန်းကျဆင်းမှုကို ဖြစ်ပေါ်စေလျက်ရှိသည်။ တင်ပြပါ Balloon Effect ၏ သက်ရောက်မှုသည်လည်း မြန်မာနိုင်ငံအပေါ် ကြီးမားခဲ့သည်။ ဒေသတွင်း၌ ၂၀၁၆ ခုနှစ်မှ စတင်ကာ နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့် ကွန်ရက်များ၏ ပါဝင်ပတ်သက်မှု မြင့်မားလာကြောင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများက သက်သေပြလျက်ရှိသည်။ အထူးသဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာနိုင်ငံအလိုက် ကန့်သတ်ချက်ရှိသော ပင်လယ်ပြင်ကို အသုံးချကာ မူးယစ်ဆေးဝါး အမြောက်အမြား သယ်ဆောင်ရောင်းဝယ်မှုများ မြင့်တက်လာစေသည်။

**ပင်လယ်ရေကြောင်းတားဆီးနှိမ်နင်းရေး**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဖြစ်ပေါ်လာသော အခြေအနေများကို သုံးသပ်ကာ ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းနိုင်ရန် ကမ်းရိုးတန်းနယ်မြေများတွင် သတင်းစုဆောင်းမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းနယ်မြေများတွင် အထူးဂရုပြုဆောင်ရွက်ခြင်း၊ ရေကြောင်းရဲတပ်ဖွဲ့ တာဝန်ထမ်းဆောင်ရာနယ်မြေများတွင် အထူးအလေးထား စောင့်ကြည့်ခြင်းများကို ပြုလုပ်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဆိပ်ကမ်းနယ်မြေ၊ ကမ်းရိုးတန်းနယ်မြေ၊ အတွင်းပိုင်းပင်လယ်ပြင်နှင့် ပိုင်နက်ပင်လယ်နယ်မြေအချို့ကိုသာ ထိန်းချုပ်နိုင်ပြီး ပိုင်နက်ပင်လယ်နှင့် ပိုင်နက်ပင်လယ်အပြင်ဘက် နယ်နိမိတ်များကို ထိန်းချုပ်ရန်ကန့်သတ်ချက်များ ဖြစ်ပေါ်နေလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော် [အထူးသဖြင့် တပ်မတော်(ရေ)]နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများက ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်မှုများကို ဖမ်းဆီးနိုင်ခဲ့သည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရေးမြို့နယ် နှစ်ကရင်ကျေးရွာမှ ဘိန်းဖြူ ၅၉၂ ကီလို ဖမ်းဆီးရမိမှုသည် ထိုအချိန်က ပင်လယ်ရေကြောင်းမှ သယ်ဆောင်မည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိသည့် ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ခဲ့သည်။ ဆယ်စုနှစ်တစ်ခုအကြာ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဂျလန်းကျွန်းအနီး ပင်လယ်ပြင်၌ တပ်မတော် (ရေ) စစ်ရေယာဉ်မှ အက်တက်စီဆေးပြား ၂ ဒသမ ၃၈၅ သန်း ဖမ်းဆီးရမိခဲ့သည်။ ထို့အတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် မြိတ်မြို့နယ် ကလွင်မီးပြတိုက်အနီးရှိ ဒေသခံကုန်တင်လှေမှ အိုက်စ် ၁၄၃ ကီလို၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် မြိတ်မြို့ အနောက်ဘက်ပင်လယ်ပြင်၌ တပ်မတော်(ရေ) စစ်ရေယာဉ်မှ ကတ်တမင်း ၉၄၀ ကီလိုကို ဖမ်းဆီးမိခဲ့သည်။ ပင်လယ်ရေကြောင်းမှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကိုကြည့်လျှင် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များအတွက် ကန့်သတ်ချက်ရှိခြင်း၊ မူးယစ်ဆေးဝါးအမြောက်အမြားကို သယ်ဆောင်နိုင်ခြင်း၊ ဒေသခံသစ်သား ငါးဖမ်းလှေများကိုသာ အသုံးပြုနိုင်ခြင်းနှင့် နိုင်ငံဖြတ်ကျော် သယ်ဆောင်မှုများကို အလွယ်တကူဆောင်ရွက်နိုင်ခြင်းစသည့်အချက်များကို အသုံးချကာ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

တရားဝင်ကုန်ပစ္စည်းများနှင့် ရောနှောကွယ်ဝှက်ကာ ဆိပ်ကမ်းများမှ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်မှုများသည် နိုင်ငံတကာတွင် တဖြည်းဖြည်းကျယ်ပြန့်လာပြီး မြန်မာနိုင်ငံအပေါ် သို့လည်း သက်ရောက်မှုရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ဘရာဇီးနိုင်ငံမှတင်ပို့သော သကြားအိတ်များ ထည့်ထားသည့် ကွန်တိန်နာများအတွင်းမှ ကိုကင်း ၂၅၀ ကီလိုနှင့် ၂၀၀ ကီလိုအသီးသီးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် မေ ၇ ရက်တွင် မလေးရှားနိုင်ငံဆိပ်ကမ်း၌ မြန်မာနိုင်ငံမှတင်ပို့သည့် ကွန်တိန်နာအတွင်းမှ အိုက်စ် ၁၁၈၇ ကီလိုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရေလမ်းကြောင်းကိုအသုံးပြုပြီး ပင်လယ်ပြင်မှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းရာတွင် ကမ်းရိုးတန်းနယ်မြေ ဆိပ်ကမ်းများသို့သွားရောက်ရာ လမ်းကြောင်းများတစ်လျှောက် ရှာဖွေဖမ်းဆီးခြင်း၊ ကမ်းရိုးတန်းနယ်မြေနှင့် ဆိပ်ကမ်းများမှ တားဆီးကာကွယ်ခြင်း၊ တရားဝင်ကုန်စည်များအတွင်း သို့ဝှက်သယ်ဆောင်မှုများကို တားဆီးခြင်းများသည် ကုန်းမြေနယ်နိမိတ်အတွင်းဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်။ ကုန်းမြေနယ်နိမိတ်ကို ကျော်လွန်ဖြတ်သန်းသွားသော မူးယစ်ဆေးဝါးများအား တပ်မတော်(ရေ)နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကလည်း မူးယစ်ဆေးဝါး အမြောက်အမြားကို ဖမ်းဆီးနိုင်သည့် အောင်မြင်မှုများကို ဆွတ်ခူးနိုင်ခဲ့သည်။

**ပင်လယ်ရေကြောင်း တားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်ခဲ့မှုများ**

ဒေသတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲမှုပုံစံနှင့် သုံးစွဲသည့် မူးယစ်ဆေးဝါးများ ပြောင်းလဲလာခြင်းသည် ထုတ်လုပ်သည့်ပုံစံနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို သက်ရောက်လျက်ရှိသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကုန်းမြေနယ်နိမိတ်နှင့် လမ်းကြောင်းတစ်လျှောက် စစ်ဆေးရေးဂိတ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲစစ်ဆင်ရေးများ ဆောင်ရွက်နိုင်ခြင်းများသည် ကုန်းမြေလမ်းကြောင်းများကို

*စာမျက်နှာ ၁၂ သို့*



Operation 39 ဆောင်ရွက်စဉ်အတွင်း Precursor Case 1/2023 အနေဖြင့် ဖမ်းဆီးရမိမှုများ။



Operation 39 ဆောင်ရွက်စဉ်အတွင်း Precursor Case 2/2023 အနေဖြင့် ဖမ်းဆီးရမိမှုများ။

**၂၀၁၉ ခုနှစ်မှ ၂၀၂၃ (ဇွန် ၁၈) အထိ ပင်လယ်ရေကြောင်းမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု**

| စဉ် | ခုနှစ် | အမျိုးအမည် | | | အမှုပေါင်း | ဖမ်းဆီးရမိ တရားခံ |
|---|---|---|---|---|---|---|
| | | စိတ်ကြွဆေး (ပြား) | အိုက်စ် (ကီလို) | ကက်တမင်း (ကီလို) | | |
| ၁ | ၂၀၁၉ | - | ၂,၉၇၅ | - | ၂ | ၁၆ |
| ၂ | ၂၀၂၀ | ၁၉၀,၀၀၀ | ၆,၄၁၀ | ၄၉၀ | ၅ | ၂၉ |
| ၃ | ၂၀၂၁ | - | ၂,၅၀၀ | ၄၇ | ၂ | ၁၇ |
| ၄ | ၂၀၂၂ | ၃,၀၀၀,၀၀၀ | ၆,၉၅၃ | ၈၀၀ | ၈ | ၆၉ |
| ၅ | ၂၀၂၃ (ဇွန်လ ၁၈) | - | ၅,၆၉၅ | - | ၄ | ၁၇ |
| | စုစုပေါင်း | ၃,၁၉၀,၀၀၀ | ၂၄,၅၃၃ | ၁,၃၃၇ | ၂၁ | ၁၄၈ |

*ရင်းမြစ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့*

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

**၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲများကို မြို့နယ်များ၌ကျင်းပ ဆောင်ရွက်နေမှုများကို စုစည်းဖော်ပြအပ်ပါသည်။**

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၂ ရက်က လူထုအခြေပြု ဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ပြုလုပ်ရာ အထက်တန်း အဆင့်ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့က "မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

**လှဝင်း**

**မင်းတုန်း**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၂၂ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲကျင်းပရာ အထကကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ပန်းချီ ၁၆ ဦးနှင့် ဉာဏ်စမ်း ၂၀ ယှဉ်ပြိုင်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘားအံ**

ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၂ ရက်က ကျင်းပရာ "မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့" ခေါင်းစဉ်ဖြင့် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

**ပင်လောင်း**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇွန် ၂၂ ရက်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပရာ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးစီက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလင်းတို့က အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ဆွေးနွေးဟောပြောသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**အိမ်မဲမြို့နယ်ရဲ့တပ်ဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲကို အထက (၁) ကျောင်း ရွှေညီလာခန်းမ၌ ဇွန် ၂၂ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ညွှန့်က မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်း ပညာပေးဟောပြောစဉ်။**

ချစ်သက်လယ် (ပြန်/ဆက်)



## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု စာအုပ်ဈေးရောင်းပွဲတော် ပဲခူးမြို့တွင် ကျင်းပ

**ပဲခူး ဇွန် ၂၃**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ပြည်သူများ စာအုပ်၊ စာပေနှင့် ရင်းနှီးထိတွေ့ပြီး စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ဖြစ်ပေါ်ရေးနှင့် အသိပညာဗဟုသုတများ တိုးပွားရရှိစေရန် ရည်ရွယ်ချက်တို့ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် စာအုပ်ဈေးရောင်း ပွဲတော်ကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်ဆိုင်များက တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ သုတ၊ ရသစာအုပ်မျိုးစုံ ၁၅၀ ပေးအပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များက စာအုပ်ဈေးရောင်းပွဲတော်အတွင်း ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်ကို ဇွန် ၂၃ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ စာပေတိုက်ငါးတိုက်မှ ဆိုင်ခန်း ၁၃ ခန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အလားတူ တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## အုတ်တွင်းမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချ

**အုတ်တွင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ စားသုံးသူပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ အခြေခံစားသောက်ကုန်များကို ဇွန် ၂၂ ရက်က အုတ်တွင်းမြို့ပေါ် ရပ်ကွက်များအတွင်းသို့ ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစားသောက်ကုန်စည်များရောင်းချရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ရည်ရွယ်၍ ပြင်ပထက် သက်သာသောတန်ဖိုးသင့် ဆန်တစ်ပြည် ငွေကျပ် ၂၇၀၀၊ ကြက်ဥတစ်လုံးငွေကျပ် ၂၅၀၊ ကြက်သားတစ်ပိဿာ ငွေကျပ် ၁၀၀၀၀၊ ငါးတစ်ပိဿာ ငွေကျပ် ၈၀၀၀နှင့် ဟင်းသီးဟင်းရွက်များအပါအဝင် ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

အသုံးပြုပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်လာရာမှ ရေလမ်းကြောင်းအသုံးပြုကာ သယ်ဆောင်ရောင်းဝယ်သည့်ပုံစံသို့ ပြောင်းလဲလာခဲ့သည်။ ပင်လယ်ရေလမ်းကြောင်းအသုံးပြုပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု မြင့်တက်လာသကဲ့သို့ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာမှ ဖမ်းဆီးရမိမှုများ မြင့်တက်လာလျက်ရှိသည်။

**ဖြေရှင်းဆောင်ရွက်နေရမှုများ**

ပင်လယ်ရေကြောင်း၏ အားသာချက်များကို အသုံးချပြီး နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများသည် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ခါးသီးစွာခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ကုန်းမြေနယ်နိမိတ်အတွင်း တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ သယ်ဆောင်ရာ လမ်းကြောင်းများတစ်လျှောက် စစ်ဆေးရေးဂိတ်များကို တိုးချဲ့ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့် ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ အရင်းခံဖြစ်သော ပရီကာဆာဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုများကို ထိန်းချုပ်နိုင်ရန် အထူးစစ်ဆင်ရေးအား ဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ဓာတုပစ္စည်းများသည် စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုနေရသဖြင့် နိုင်ငံတော်မှ ဓာတုပစ္စည်းတင်သွင်းမှုများကို တရားဝင်ခွင့်ပြုပေးခဲ့သော်လည်း အချို့လုပ်ငန်းရှင်များ၏ မသိနားမလည်မှု/ အမြတ်အစွန်းရလိုမှုများကြောင့် တရားဝင်ခွင့်ပြုပေးထားသော ဓာတုပစ္စည်းများသည် မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ ရောက်ရှိနေလျက်ရှိသည်။ ထိုအချက်များကို ထိန်းချုပ်နိုင်ရန်အတွက် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် ကျင်းပပြုလုပ်ပြီး အသိပညာပေးခြင်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ပင်လယ်ရေကြောင်းမှ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို တားဆီးနိုင်ရန်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ရေကြောင်းရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ရာလမ်းကြောင်းများ၊ ဆိပ်ကမ်းများ၊ ရပ်ကွက်/ကျေးရွာအတွင်းရှိ ဒေသခံဆိပ်ကမ်းများ၊ ကမ်းကပ်နိုင်သည့်နေရာများကိုလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက အနီးကပ်စောင့်ကြည့်ခြင်း၊ သတင်းစုဆောင်းထောက်လှမ်းခြင်းများ ပြုလုပ်လျက်ရှိသည်။တပ်ဖွဲ့ဝင်များရောက်ရှိသွားလာရန် ခက်ခဲသော ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို တားဆီးနိုင်ရေးအတွက် တပ်မတော်နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော နယ်မြေအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးပြဿနာကြီးကို ဖြေရှင်းနိုင်ရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်နေမည်ဖြစ်သည်။ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့အတွင်း ခေါင်းဆောင်သူများ၏အမြော်အမြင်ရှိမှု၊ ခေါင်းဆောင်မှုကောင်းမွန်မှု၊ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းအပေါ် စေတနာထားမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ကြိုးပမ်းဆောင်ရွက်တတ်မှု၊ ထိုးထွင်းတီထွင်လုပ်ကိုင်တတ်မှုနှင့် စနစ်တကျရှိမှု၊ အဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍသည် အထိုက်အလျောက် အောင်မြင်မှုသမိုင်းမှတ်တိုင်ကို ရေးထိုးနိုင်ခဲ့ပြီ ဖြစ်သည်။

**မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ခံယူထားချက်**


မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏အကူအညီနှင့် အထောက်အပံ့များရရှိသည်/မရရှိသည်ဖြစ်စေ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရေး သမိုင်းကပေးသည့် အမျိုးသားရေးတာဝန်အဖြစ် ခံယူထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါဘဲ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရေး အစဉ်အဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမမှန်သော အဖွဲ့အစည်းများ၊ နိုင်ငံရေးကို ဦးစားပေးသောအဖွဲ့အစည်းများနှင့်လည်း အကောင်းဆုံးသော ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ ထိုအဖွဲ့အစည်း၊ နိုင်ငံများ၏ ချီးကျူးဂုဏ်ပြုမှု/ အပြစ်တင်မှုများကို အနည်းငယ်မျှပင် စိတ်ထဲအလျှင်းမရှိဘဲ မိမိတို့ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းရေးကို ဆန္ဒမှန်၊ နှလုံးသားအမှန်၊ ခံယူချက်အမှန်ဖြင့် ရှေ့ဆက်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုထားပါကြောင်း တင်ပြအပ်ပါသည်။ ။

# တောင်ကိုရီးယားသမ္မတ ပထမဆုံးအကြိမ် ဗီယက်နမ်သို့ရောက်ရှိ

**ဟနွိုင်း ဇွန် ၂၃**

တောင်ကိုရီးယား သမ္မတသည် ၎င်းတာဝန်ယူခဲ့ချိန်မှစပြီး ပထမဆုံးအကြိမ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်ခြင်းသည် တောင်ကိုရီးယားသမ္မတ ယွန်းဆတ်ယိုးအတွက် ပထမဆုံးအကြိမ်ဖြစ်သည်။



တောင်ကိုရီးယားသမ္မတကို ဗီယက်နမ် ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုနေသည်ကို တွေ့ရစဉ်။

တောင်ကိုရီးယား သမ္မတသည် ဗီယက်နမ်သမ္မတ ဗိုဗန်သွန်နှင့် ဟနွိုင်းမြို့တွင် ဇွန် ၂၃ ရက်က တွေ့ဆုံခဲ့သည်။ တောင်ကိုရီးယားသမ္မတသည် လုံခြုံရေးနှင့် စီးပွားရေးအပါအဝင် နယ်ပယ်အတော်များများတွင် ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာသည့်နည်းတူ မိမိတို့၏ ပူးပေါင်း ဆောင်ရွက်မှုများကို မည်သို့မြှင့်တင်သွားမလဲဆိုသည့်အပေါ် ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယားသမ္မတက ပြောသည်။ ထို့ပြင် လွတ်လပ်မှု၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဆိုင်ရာ နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အရေးကြီးသော နယ်ပယ်အသီးသီးအပေါ် အခြေခံသဘောတရားများ ဖလှယ်ခဲ့သလို နှစ်နိုင်ငံသည် တကယ့်မိတ်ဆွေစစ်များဖြစ်ကြောင်း သွန်က ပြောသည်။

ယွန်းသည် ဗီယက်နမ် ထိပ်တန်းခေါင်းဆောင် တစ်ဦးဖြစ်သည့် ငုယင်ဖူသရွန်နှင့် ဇွန် ၂၃ ရက်က တွေ့ဆုံခဲ့သေးသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ လှေနစ်မြုပ် သေဆုံးသူ နှစ်ဦးရှိပြီး ခုနစ်ဦးပျောက်ဆုံး

**မနီလာ ဇွန် ၂၃**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဇွန် ၂၂ ရက်က ငါးဖမ်းလှေနစ်မြုပ်မှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူနှစ်ဦးအထိ တိုးလာပြီး ပျောက်ဆုံးသူ ခုနစ်ဦးကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ (ပီစီဂျီ)က ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

ကယ်ဆယ်ရေးသမားများက ကြမ်းတမ်းသည့် ပင်လယ်လှိုင်းများကြားမှ ဇွန် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီဝန်းကျင်က ဒါဗိုအိုရီရန်တယ်ပြည်နယ် ဘန်ဂန်ဂါမြို့ရှိ အခင်းဖြစ်ပွားရာ ရေပြင်၌ နစ်မြုပ်သွားသည့် Genesis 2 ရေယာဉ်ပေါ်မှ နောက်ထပ် သေဆုံးသူကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြား သည်။ ရေယာဉ်ပေါ်တွင် လူ ၂၃ ဦးလိုက်ပါခဲ့ပြီး ၎င်းတို့ထဲမှ ၁၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ခုနစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အရှေ့တောင်အာရှကျွန်းစုနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် မကြာခဏဝင်ရောက်သည့် မုန်တိုင်း၊ ရေယာဉ်ထိန်းသိမ်းမှုအားနည်းခြင်း၊ ဝန်ပိုတင်ဆောင်ခြင်းနှင့် လုံခြုံရေးစည်းမျဉ်းများ လျော့ရဲခြင်းတို့ကြောင့် ရေကြောင်းမတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဩစတြေးလျတောင်ပိုင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်း ရေကြီးမှုနှင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်

**ကင်ဘာရာ ဇွန် ၂၃**

ဩစတြေးလျတောင်ပိုင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ပြီး ရာနှင့်ချီသည့် အကူအညီတောင်းခံမှုများ ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

အက်ဒလစ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ဇွန် ၂၂ ရက် ညပိုင်းက မိုးကြိုးမုန်တိုင်းကျရောက်ပြီး ဇွန် ၂၃ ရက် နံနက်ပိုင်းက မြို့တော်တွင် မိုးရေချိန် ၄၁ ဒသမ ၆ မီလီမီတာအထိ ရွာသွန်းခဲ့သည်။ မိသားစုပေါင်း ၂၈၀၀ နှင့် စီးပွားရေးလုပ်ငန်းများမှာ ဇွန် ၂၃ ရက်တွင် လျှပ်စစ်မီးပြတ်တောက်မှုကို ကြုံတွေ့ခဲ့ရသည်။ ရေကြီးလာသည့်အတွက် နေအိမ်အတွင်း ပိတ်မိနေကြသည့် လူများ၏ အကူအညီတောင်းခံမှုပေါင်း ၂၄၀ ခန့်ကိုလည်း အရေးပေါ်ကယ်ဆယ်ရေးဌာနမှ လက်ခံရရှိခဲ့သည်။ အချို့သောနေရာများတွင် လမ်းများပိတ်မိနေပြီး ရေကြီးနေသည့်အတွက် မော်တော်ကားများ မောင်းနှင်ခြင်းမပြုကြရန်လည်း သတိပေးထားသည်။

အရေးပေါ်ကယ်ဆယ်ရေးဌာနမှ စေတနာ့ဝန်ထမ်းပေါင်း ၁၀၀ ကျော်မှာလည်း ရေကြီးမှုအတွက် အကူအညီတောင်းခံမှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ အက်ဒလစ်မြို့အရှေ့ပိုင်းရှိ ပုဂ္ဂလိက ဆည်တစ်ခုမှာ ကမ်းပါးကျိုးခဲ့သော်လည်း ခိုင်မာမှုရှိနေဆဲဖြစ်သည်ဟု သိရသည်။



ယနေ့အတွက် မိုးရွာသွန်းခြင်းမရှိဟု မိုးလေဝသက ခန့်မှန်းထားသော်လည်း လမ်းများပေါ်တွင် ရေများရှိနေဆဲဖြစ်ပြီး အပျက်အစီးများလည်း ရှိနေဆဲဖြစ်သည်ဟု အရေးပေါ်ကယ်ဆယ်ရေးဌာနမှ ဒွေဗ်အိုရှန်နက်စရီက ပြောသည်။

**ဆင်ဟွာ**

## ဟွန်ဒါ၏ အဓိကကားမော်ဒယ်များတွင် ဈေးမြှင့်သွားမည်

**တိုကျို ဇွန် ၂၃**

ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဟွန်ဒါကုမ္ပဏီသည် ထုတ်လုပ်မှု ပစ္စည်းစရိတ်များ ကြီးမြင့်နေသည့်အတွက် ဈေးနှုန်းထပ်မြှင့်သွားမည်ဟု သိရသည်။

ဇူလိုင် ၂၇ ရက်မှ စတင်ကာ ပြည်တွင်း ဈေးကွက်အတွင်းရှိ အဓိကကားမော်ဒယ် ခြောက်ခုကို ၂ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ဈေးမြှင့်သွားမည်ဟု ကုမ္ပဏီက ဇွန် ၂၃ ရက်တွင် ပြောသည်။




ဟွန်ဒါကုမ္ပဏီသည် ပြီးခဲ့သည့် ဧပြီလကလည်း မီနီဗန်ကားအပါအဝင် ကားမော်ဒယ်သုံးခုကို ဈေးတိုးမြှင့်ခဲ့ပြီးဖြစ်သည်။

အခြားသော ထုတ်လုပ်ရေးပစ္စည်းများနှင့် စတီး ဈေးကြီးမြင့်သည့်အတွက် ဈေးတက်ရခြင်းဖြစ်ကြောင်းကုမ္ပဏီကပြောသည်။ ဟွန်ဒါကားကုမ္ပဏီသည်ထုတ်လုပ်မှုစရိတ်ကြီးမြင့်မှုကို ဖြေရှင်းရန်အတွက် ယခင်ကလည်း ကားမော်ဒယ်အသစ်များကို ဈေးတင်ဖူးသည်။ မကြာသေးမီကလည်း ဈေးကွက်အတွင်းရှိ ကားဈေးနှုန်းကို တိုးမြှင့်ခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ**

## ၂၀၂၃ ခုနှစ်အတွင်း အစ္စရေးနိုင်ငံ၌ ပထမဆုံး မျောက်ကျောက်ရောဂါကူးစက်မှုတွေ့ရှိ

**ဂျေရုဆလင် ဇွန် ၂၃**

၂၀၂၃ ခုနှစ်အတွင်း အစ္စရေးနိုင်ငံ၌ ပထမဆုံး မျောက်ကျောက်ရောဂါကူးစက်ခံရမှုကို တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးမှာ ကာကွယ်ဆေးထိုးထားသော်လည်း ပေါ်တူဂီနိုင်ငံသို့ ခရီးထွက်ပြီးနောက် ရောဂါကူးစက်ခံလာရသည်ဟု သိရသည်။ ပတ်ဝန်းကျင်တွင် ရောဂါကူးစက်မှုမြင့်မားနေပါက ကာကွယ်ဆေးထိုးထားသူများလည်း ကူးစက်နိုင်ခြေရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကူးစက်ခံထားရသူမှာ အခြားသောသူများနှင့်လည်း ထိတွေ့ခြင်းမရှိကြောင်း ကူးစက်ရောဂါဆိုင်ရာစုံစမ်းစစ်ဆေးမှုအရ သိရသည်။ **ဆင်ဟွာ**

## တိုက်တန်းနစ်သင်္ဘော လေ့လာရေးခရီးသွား ရေငုပ်ယာဉ်ငယ် ပျက်စီးအပိုင်းအစများကို တွေ့ရှိ ယာဉ်ပေါ်လိုက်ပါသူအားလုံး သေဆုံးသွားပြီဟု ယူဆ

**ဝါရှင်တန် ဇွန် ၂၃**

၁၉၁၂ ခုနှစ်က ရေခဲတုံးကြီးကို တိုက်မိကာ နစ်မြုပ်ခဲ့ပြီး လူပေါင်း ၁၅၀၀ ခန့် သေဆုံးခဲ့သည့် တိုက်တန်းနစ်သင်္ဘောပျက်ကြီးရှိရာသို့ သွားရောက်လေ့လာခဲ့သည့် ယာယီရေငုပ်သင်္ဘောငယ်သည် ပြီးခဲ့သော တနင်္ဂနွေနေ့က ၎င်း၏ ခရီးစဉ်စတင်ပြီး မကြာမီမှာပင် ပိုလာပရင့်စ်သုတေသနသင်္ဘောနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည့်အတွက် ရှာဖွေကယ်ဆယ်ရေးသမားများက မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ယာယီရေငုပ်သင်္ဘောပျောက်သွားသည့်နေရာ၌ အပျက်အစီးများကို ရှာဖွေတွေ့ရှိခဲ့ကြပြီဖြစ်သည်။

အဆိုပါ လေ့လာရေးခရီးစဉ်သွား ယာယီရေငုပ်သင်္ဘောငယ်ပေါ် လိုက်ပါသွားခဲ့ကြသည့် ဗြိတိန်စီးပွားရေးသမား စူးစမ်းရှာဖွေသူ ဟာမစ်ဟာဒင်၊ ပါကစ္စတန်စီးပွားရေးသမား ရှာဇာဒါဒေါဝုဒ်နှင့် ၎င်း၏သား ဆူလ်မန်ဒေါဝုဒ်၊ ပြင်သစ်စူးစမ်းလေ့လာသူ ပေါလ်အော်နရီဂျီအောလေးနှင့် ပိုင်းလော့တစ်ဦးတို့ အသက်ဆုံးရှုံးခဲ့ကြောင်းလည်း သိရသည်။ အဆိုပါခရီးစဉ်ကို လိုက်ပါနိုင်ရန် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ပေးခဲ့ရကြောင်း သိရသည်။

ကနေဒါသင်္ဘော၏ အဝေးထိန်းစနစ်သုံး ရေနက်သွားယာဉ်က အဆိုပါ အပျက်အစီးများကို ပင်လယ်ကြမ်းပြင်တွင် တွေ့ရှိခဲ့ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့အရာရှိများက ပြောကြားခဲ့သည်။ တွေ့ရှိခဲ့သော အပျက်အစီးအစိတ်အပိုင်းကြီးငါးခုမှာ အဆိုပါစူးစမ်းလေ့လာရေးခရီးသွားရေယာဉ်မှဖြစ်ကြောင်း ၎င်းတို့က ယူဆကြသည်။ အဆိုပါ ရေယာဉ်ပေါ်လိုက်ပါလာခဲ့ကြသည့် သေဆုံးသွားပြီဟု ယူဆရကြောင်းကို ၎င်းတို့၏ မိသားစုဝင်များထံ သတင်းပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ရှာဖွေရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အသေးစိတ်အချက်အလက်များကို ထပ်မံဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မုံရွာသူနာပြု – သားဖွားသင်တန်းကျောင်း၌ သူနာပြုသားဖွား ဒီပလိုမာ (၂၈) ကြိမ်မြောက် သင်တန်းသား သင်တန်းသူများ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကျင်းပ



**မုံရွာ ဇွန် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာသူနာပြု–သားဖွားသင်တန်းကျောင်း၊ သူနာပြုသားဖွား ဒီပလိုမာ (၂၈) ကြိမ်မြောက် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မုံရွာမြို့ သူနာပြု–သားဖွား သင်တန်းကျောင်းရှိ ငါးထပ်ဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာ–သူနာပြုနှင့် သားဖွား သင်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် အရည်အသွေး၊ အဆင့်အတန်း ပြောင်းလဲ တိုးတက်လာရန် တစ်ဦးနှင့် တစ်ဦး လေးစားစွာဆက်ဆံပြီး ပြည်သူများ၊ လူနာများ၏အသံ အကြံပြုချက်များကို အထူးဂရုပြု အလေးထားပြီး လူတိုင်း လက်လှမ်းမီသည့် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်သည့် သူများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာ–သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအတွက် ကျောင်းအုပ် ဆရာမကြီးထံ ငွေကျပ် ၁၀ သိန်း ပေးအပ်ပြီး ဒုတိယနှစ် သင်တန်းသား သင်တန်းသူများက "ဂရုဏာအလင်း" တေးသီချင်းဖြင့် ဖျော်ဖြေကာ မုံရွာ–သူနာပြုနှင့် သားဖွား သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုဆုထိုက်က ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ သူနာပြုအုပ်ကြီး ဒေါ်မာလာဦး၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်မေစိုးနွယ်၊ မုံရွာသူနာပြုနှင့် သားဖွား သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ဆုဆုထိုက်နှင့် ခုတင် ၅၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်ထားထားဝင်းတို့က သူနာပြုသားဖွား ဒီပလိုမာ (ပထမနှစ်) သင်တန်းသား သင်တန်းသူ ၂၄ ဦးအား ဂျူတီကုတ်နှင့်ဦးဆောင်းများ အပ်နှင်းခဲ့ကြပြီး သင်တန်းသား သင်တန်းသူများက သူနာပြု သစ္စာဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာရည်ချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော သင်တန်းသား၊ သင်တန်းသူများထံ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်လွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ဆိုင်ကလုန်း(မိုခါ)ကျရောက်ခဲ့သော ရခိုင်ပြည်နယ်၌ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆေးကုသမှုအဖွဲ့များ ကွင်းဆင်းဆေးကုသမှုများဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၃**
ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်း(မိုခါ) ကျရောက်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျန်းမာရေး စောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် မုန်တိုင်းမကျရောက်မီကပင် ကျန်းမာရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး မုန်တိုင်းကျရောက်ပြီးချိန်တွင်လည်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိပြီး ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများရှိ ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ အမြန်ဆုံးပြင်ဆင်ပြီးစီးစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန် ပံ့ပိုးမှုဖြင့် နီးနွယ်ဆက်စပ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ အထူးကုဆေးအဖွဲ့ (၁၇)ဖွဲ့ စေလွှတ်ပြီးဖြစ်ပြီး ရခိုင်ပြည်နယ်၌ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးအဖွဲ့ သုံးဖွဲ့ရှိသည်။

အဆိုပါ အထူးကုဆေးအဖွဲ့များသည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ ကျောက်တော်မြို့၊ မင်းပြားမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့၊ ပေါက်တောမြို့၊ မြောက်ဦးမြို့၊ မြေပုံမြို့တို့ရှိ ဒေသခံပြည်သူများအား ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး အရေးပေါ်ကုသမှုများဖြစ်သည့် အူသိမ်ပေါက်သည့်လူနာ၊ အူအတက်ပေါက်သည့် လူနာများ၊ အရိုး၊ အကြောဆိုင်ရာခွဲစိတ်ကုသမှုများအပါအဝင် ခွဲစိတ်ကုသမှု (၅၉)ကြိမ်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မျက်စိအထူးကုဆေးအဖွဲ့သည် စစ်တွေမြို့ရှိ မျက်စိအထူးကုဆရာဝန်ကြီး၊ မျက်စိကျွမ်းကျင်သူနာပြုများနှင့်အတူ ကွင်းဆင်းကုသမှုများတွင် လိုက်ပါဆောင်ရွက်ခြင်းနှင့် ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၌ မျက်စိရောဂါပြင်ပလူနာများ ကြည့်ရှုကုသပေးခြင်း၊ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၂ ရက်အထိ ကွင်းဆင်းကုသမှု၌ ဒေသခံပြည်သူ ၃၂၃ ဦးကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့၌ မျက်စိပြင်ပလူနာ ၂၆၂ ဦးကိုလည်းကောင်း ကြည့်ရှုကုသပေးနိုင်ခဲ့ပြီးခွဲစိတ်ကုသမှုအဖြစ် အတွင်းတိမ်ခွဲစိတ်မှု (၂၅)ကြိမ်နှင့် အခြားခွဲစိတ်ကုသမှု (၁၀)ကြိမ် စုစုပေါင်း (၃၅)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အထူးကုဆရာဝန်များ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့၊ ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့နှင့် ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့တို့မှ အထူးကုဆရာဝန်များသည် နီးစပ်ရာမြို့နယ်များ၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ အထူးကုဆေးအဖွဲ့သည် ပေါက်တောမြို့၊ ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့နယ် – မင်းဂံရပ်ကွက်၊ သင်ပုန်းတန်းကျေးရွာ၊ ကြို့တဲကျေးရွာနှင့် ကြက်ကိုင်းတန်းကျေးရွာများသို့ လည်းကောင်း၊ ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့မှ အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့သို့လည်းကောင်း၊ ခရိုင် ပြည်သူ့ဆေးရုံ၊ မောင်တောမြို့မှ အထူးကုဆေးအဖွဲ့သည် မောင်တောမြို့နယ်ရှိ ကျေးရွာများနှင့် ရသေ့တောင်မြို့နယ်များသို့လည်းကောင်း၊ ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့မှ အထူးကုဆရာဝန်များသည် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့လည်းကောင်း ကွင်းဆင်းကုသမှု ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၂ ရက်နေ့အထိ ဒေသခံပြည်သူ ၉၅၀၁ ဦးအား ဆေးကုသမှုများဆောင်ရွက်နိုင်ခဲ့သည်။

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(စစ်တွေမြို့)တွင် သူနာပြု–သားဖွား ဒီပလိုမာသင်တန်းများကိုဖွင့်လှစ်လျက်ရှိရာ တတိယနှစ်သင်တန်းကို ဇွန် ၅ ရက်တွင်လည်းကောင်း၊ ဒုတိယနှစ်သင်တန်းကို ဇွန် ၁၉ ရက်တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ တတိယနှစ် သင်တန်းသား သင်တန်းသူ ၂၂၆ ဦးနှင့် ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၁၃၉ ဦး စုစုပေါင်း ၃၆၅ ဦး တက်ရောက်လျက်ရှိပြီး ကျန်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်သည်။

နှလုံးရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ အဆုတ်နှင့် ရင်ခေါင်းရောဂါ၊ အရိုး၊ အကြော/အဆစ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ၊ သွေးရောဂါ၊ အရေပြားရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါနှင့် အထွေထွေရောဂါကုသမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် စစ်တွေမြို့သို့ မကြာမီသွားရောက်၍ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော် လယ်ဝေးမြို့နယ်၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၃**
ပြည်ထောင်စုနယ်မြေ (နေပြည်တော်) လယ်ဝေးမြို့နယ် ဒလန့်ချွန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာမင်းသန်းညွန့်က ကျန်းမာရေးနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားကာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) နေပြည်တော်အသင်းခွဲဥက္ကဋ္ဌ ဦးဇော်အောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည်များ ဟောပြောသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဦးရဲအောင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးထံ ဆေးအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

❑ *ကျောဖုံးမှ*
တက်လှမ်းလာနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း သုံးဂိုးပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားများအစုံအလင်ပါဝင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားတိုက်စစ်မှူးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသလို နှစ်သင်းစလုံး နိုင်ပွဲရယူနိုင်ရန် အားထည့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များအပြန်အလှန်ရသော်လည်း ပထမပိုင်းပြီးခါနီးမှ ဂိုးများရရှိခဲ့သည်။ ၄၃ မိနစ်တွင် မြဝတီနောက်ခံလူဝေယံဦးအမှားမှတစ်ဆင့် သက်နိုင်ရသွားပြီး ဂိုးသမားကိုလိမ်ကာ ကန်သွင်းခဲ့သဖြင့် မဟာယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့သည်။ မဟာယူနိုက်တက်အသင်း၏ ဦးဆောင်မှုမှာ တစ်မိနစ်သာကြာခဲ့ပြီး ၄၄ မိနစ်တွင် သက်ဝေမိုးက မြဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြဝတီအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၇၄ မိနစ်တွင် နိုင်ဇင်ထက်က ဒုတိယဂိုးသွင်းယူခဲ့ကာ အနိုင်သေချာစေမည့် တတိယဂိုးကိုမူ ၈၃ မိနစ်တွင် ဟိန်းဇေယျာမင်းက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်း ခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့က ကိုးပွဲကစားရမှတ် ၁၁ မှတ်စီရရှိခဲ့သည်။ ပွဲစဉ်(၉)စတုတ္ထနေ့အဖြစ် ဇွန် ၂၄ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ ၊ ဓာတ်ပုံ–MNL**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၇၀၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၄၆၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၅ | ၂၀၁၅ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၄၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၆ | ၁၉၁၇ |
| 95 Ron | ၁၉၄၄ | ၂၀၁၇ |
| HSD (500 ppm) | ၁၈၂၃ | ၁၈၈၉ |
| HSD (50 ppm) | ၁၈၉၇ | ၁၉၆၄ |
| HSD (10 ppm) | ၁၈၉၇ | ၁၉၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၀၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိ

(၂၃ - ၆ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၈) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၁၄,၄၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၂၆၃) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၀၉၅) ဦး ရှိပြီဖြစ်သည်။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန် ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ ရပ်ကွက်/ ကျေးရွာ အုပ်စုများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးအဆောက်အဦများ ပြင်ဆင်ပြီးစီးမှု၊ Cyclone Shelter ဆောက်လုပ်ထားရှိမှုနှင့် ဆောက်လုပ်ရန်သင့်တော်သည့် မြေနေရာရွေးချယ်ရေး၊ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်ရပ်ကွက်ရှိ မြစိမ်းရောင်ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ အရိယဝံသအား သွားရောက်ဖူးမြော်ပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် Gas မီးဖိုများ လှူဒါန်းသည်။






အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ATOM တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့သည့် မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာ သုံးရွာတို့မှ ဒေသခံပြည်သူများအတွက် ATOM နှင့် We Love Rakhine အဖွဲ့တို့မှ ဆန်၊ စားသောက်ဖွယ်ရာများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်း ပြန်လည်တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဒေသအတွင်းရှိ ရေလုပ်ငန်းရှင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးပြောကြားပြီး ရေလုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇွန် ၂၃**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သဲချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျောက်တော် စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် သောက်ရေသန့်များ လှူဒါန်းပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အမှတ်(၄)ရပ်ကွက်၌ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ မြက်ပင်၊ ပေါင်းပင်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ရှိ အောင်မြေဘုန်းတော်ကြီးကျောင်း၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန် ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇွန် ၂၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့၊ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)နှင့် မလေးရှားနိုင်ငံ Sunway Medical Centre တို့ သဘောတူစာချုပ်ရေးထိုး




**ရန်ကုန် ဇွန် ၂၃**
အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) နှင့် မလေးရှားနိုင်ငံရှိ Sunway Medical Centre (SMC) တို့အကြား မိတ်ဖက်အဖွဲ့အစည်းအဖြစ် သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ International Business Center(IBC) ရှိ MAI ရုံးချုပ်၌ ကျင်းပသည်။ **(ယာပုံ)**

ယင်းသို့ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် Sunway Medical's Wellness Center ရှိ Health screening Package များအပေါ်တွင် ၁၅ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးရရှိနိုင်မည်ဖြစ်ပြီး SMC စင်တာ၏ ဧည့်သည်များအနေဖြင့် MAI လေကြောင်းလိုင်းနှင့် လိုက်ပါစီးနင်းရာတွင် အထူးသီးသန့်အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Business နှင့် Economy အမျိုးအစား လေယာဉ်ခရီးစဉ်လက်မှတ်များအပေါ်တွင် ၁၀ ရာခိုင်နှုန်း အထူးလျှော့ဈေး၊ အပိုခရီးဆောင်အိတ် ၁၀ ကီလို သယ်ဆောင်ခွင့်နှင့် အခြားသော အထူးလျှော့ဈေးများ ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ စဉ်ဆက်မပြတ် တိုးပွားနေသည့် ခရီးသွားလာလိုမှုများကို ဖြည့်ဆည်းပေးရန် MAI က ဇူလိုင် ၁၅ ရက်မှစ၍ ရန်ကုန်-ကွာလာလမ်ပူ တိုက်ရိုက်လေယာဉ်ခရီးစဉ်များကို အပတ်စဉ် တစ်ပတ်လျှင် ၁၁ ကြိမ်အထိ တိုးမြှင့်ပြေးဆွဲသွားမည်ဖြစ်ပြီး ပြည်ပနိုင်ငံတွင် ဆေးကုသမှုခံယူရန် သွားရောက်ကြမည့် ခရီးသည်များအနေဖြင့် ခရီးစဉ်များ စီစဉ်ရာ၌ပိုမိုအဆင်ပြေချောမွေ့စေရန် MAI ၏ ခရီးစဉ်များအားလုံးကို ခရီးဆောင်အိတ် အပိုကီလို သယ်ဆောင်ခွင့်နှင့် ခရီးသွားရက် ပြောင်းလဲခြင်းအတွက် အထူးလျှော့ပေါ့နှုန်းထားများ ဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) အနေဖြင့် လက်ရှိတွင် ရန်ကုန်နှင့် မန္တလေးမြို့ကို အခြေပြုပြီး ပြည်တွင်းရှိ မြို့များအပြင် နိုင်ငံတကာအနေဖြင့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ အိန္ဒိယ၊ ယူအေအီး၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တောင်ကိုရီးယား အပါအဝင် မြို့ပေါင်း ၂၇ မြို့ကို လေယာဉ် ၁၀ စင်း ပျံသန်းပြေးဆွဲပေးနေကြောင်း သိရသည်။

**အာကာလင်း**



## သီပေါမြို့ ရွှေညောင်ပင်လမ်းနှင့် တံတား တည်ဆောက်မှု ဆောင်ရွက်ပြီးစီး

**သီပေါ ဇွန် ၂၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ပန်းတိမ်မြောက်ရပ် ရွှေညောင်ပင်လမ်း ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် ချောင်းကူးတံတားကို မော်တော်ယာဉ်ကြီးများ သွားလာနိုင်ရန် တိုးချဲ့တည်ဆောက်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖေကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများဆောင်ရွက်ရာ ယနေ့ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ရွှေညောင်ပင်လမ်းသည် မြို့မဈေးကြီး၊ ဝက်ဝံပျံကျဈေးတို့နှင့် တိုက်ရိုက်ဆက်သွယ်လျက်ရှိပြီး လူစည်ကားရာနေရာဖြစ်သဖြင့် ယခုကဲ့သို့ မြို့လယ်ချောင်းအား ရေစီးရေလာကောင်းအောင် ပြန်လည်တူးဖော်ခြင်း၊ လမ်းတံတားများကို တိုးချဲ့ပြင်ဆင်လိုက်၍ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် စက်ဘီးများ၊ လမ်းဖြတ်ကူးသူများ အဆင်ပြေစွာ သွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ချောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ချောက် ဇွန် ၂၃**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ချောက်မြို့နယ် ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချည်မျှင်ရှည်ဝါမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၄ ရက်က ပြုလုပ်သည်။

အခမ်းအနားသို့ ချောက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငွေကျော်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိဦးကျော်လင်းဦး၊ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲရေးဌာန ဦးစီးအရာရှိ ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ချည်မျှင်ရှည်ဝါမျိုးစေ့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငွေကျော်နှင့် တာဝန်ရှိသူများက ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးမည့် ဖောင်းတောကန်၊ ချောင်းတက်၊ ရသစ်၊ မကျီးကန်နှင့် စလေအုပ်စုတို့မှ တောင်သူများအား ချည်မျှင်ရှည်ဝါမျိုးစေ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## အင်းတော်မြို့နယ်၌ စက်မှုကုန်ကြမ်း ဝါးပျိုးပင်များ စိုက်ပျိုး

**အင်းတော် ဇွန် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါးပျိုးပင်များ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုး ကြီးကြပ်၍ အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဟန်လင်းအောင် ဦးစီးသော သစ်တောဝန်ထမ်းများသည် ဝါးပိုးဝါးနှင့် ဝါးဖြူဝါးပျိုးပင်များကို သစ်တောရုံးဝင်းအတွင်း၌ ပျိုးပင် ၆၀၀၊ မြို့မပရိယတ္တိကျောင်းဝင်းအတွင်း၌ ပျိုးပင် ၄၀၀ စုစုပေါင်း ဝါးပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ ဝါးပိုးဝါးနှင့် ဝါးဖြူဝါးပျိုးပင် ၃၀၀၀ ကို အောင်မြင်စွာပျိုးထောင်ထားပြီး ကျန်ပျိုးပင်များကို ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပြည်သူများအား ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရှိက ပြောသည်။ ထိုကဲ့သို့ ဝါးပျိုးပင်များ စိုက်ပျိုးရခြင်းမှာ စက်မှုကုန်ကြမ်းသီးနှံအဖြစ်ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**



## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၃၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၆ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၈၀ ကျပ် | ၂၁၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၇၉၀၀ | ၁၄၀၀ | ၁၁၀၆၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၀ | ၅၈၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၁၈၀ | ၁၂၉၆၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၂၃၂၆၈ | ၃၃၈၉၄၀၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၄၈၅ | ၁၁၆၈၈၅၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၃၈၀ | ၉၅၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀၀ | ၄၉၀၀၀၀ |

ညီညီ - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၂၉၃ သိန်း | ၄၀၇၀၇ သိန်း |
| ၃။ | သုခမွှာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကအိမ်(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂၂၇၁. ၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း | ၁၆၄၂. ၁၅ | ၂ | - | ၂ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၇ ခန်း | ၁၈၃ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှစ်ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၈ ခန်း | ၃၅၇ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(ကျောင်းမြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်ကျောင်းကနုတ်ပန်း (ကျောင်းမြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၃၅၇၆. ၃၅ ကျင်း | ၅၁ ကျင်း | ၃၅၂၅. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထူခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | ၁၉ ကျင်း | ၈၄၅၄ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၈၉၉၁ သိန်း | ၁၃၇၄၀. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၁၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၁၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | ၃ ခု | ၁၂၄ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ငွေ[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ငွေ[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
### ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ ဒီပလိုမာ Dip.Med.Sc (Family Medicine) | ၁ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) မိသားစုကျန်းမာရေး စောင့်ရှောက်မှုဆေးပညာဒီပလိုမာ သင်တန်းအတွက် လက်ရှိတရားဝင် အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်း (၂)နှစ် ပြည့်ပြီး အထွေထွေဆေးကုသခွင့်လိုင်စင်သက်တမ်းတိုး ကိုင်ဆောင်ထားသူ၊ အမ်ဘီဘီအက်စ် (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်း အတွက် အသက်သတ်မှတ်ချက်မရှိပါ။
(ဃ) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။
(င) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၄.၈.၂၀၂၃)ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၆.၁၀.၂၀၂၃)ရက်၊ (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး-ကျပ် ၁၀၀၀၀ဝ/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်း အမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတဆင့်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁၈-၃၈၂၄၈၅) သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ရန်ကုန်**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၄၂၊ (၁)ခန်းတည်း RC(၆)ထပ် အဆောက်အအုံ၏ (ပဉ္စမထပ်)၊ (၆-လွှာ)၊ ဧရိယာ(၁၀၁၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဝင့်ဝါဝါလွင် (၁၂/စခန(နိုင်)၀၅၇၆၄၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်ပိုင်မိုး ၁၂/လမတ(နိုင်)၀၀၁၉၂၃၊ ဒေါ်မို့မို့အေး (၇/ကပက(နိုင်)၀၅၂၉၀၅)တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

**ဦးအောင်ပိုင်မိုး၊ ဒေါ်မို့မို့အေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO( Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊Star City ၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/53217, Honda Dream 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအတာလွင် ၃/ဘအန(နိုင်) ၄၆၀၉၆၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/3552, CDW (CDW 3090A3B4), Dump Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ Three Star Power Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၀

ဦးအောင်ကျော်ထွန်း **နှင့်** ဦးစိန်လှ
**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာ၊ အမှတ် (၂၈)နေ ဦးစိန်လှ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်ထွန်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

---

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကော အရှေ့ကျေးရွာနေ မောင်လပြည့်(ဘ) ဦးဇော်မင်း ၇/ဒဥန(နိုင်)၂၁၃၈၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် MG-185024 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၀၁၄၀၈၁**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဝါးကြီးအိုင်(အထက)Grade-12 မှ မဇင်နွယ်ဦး၏ဖခင် အမည်မှန်မှာ ဦးကံအောင် ၈/မသန(နိုင်) ၀၈၀၅၀၉ ဖြစ်ပါကြောင်း။

**ဦးကံအောင်**
**၈/မသန(နိုင်)၀၈၀၅၀၉**

---

## အမည်ပြောင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ အထက(၁) Grade-12(A)မှ ဦးတင်ဇော်မိုး၏သား မောင်ဇော်မောင်မောင်ဦးအား အိမ်ထောင်စုစာရင်းအရ မောင်စည်သူနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စည်သူနိုင်**

---

## ဖခင်အမည်မှန်

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ အထက(၁) Grade-12(A) မှ မောင်စည်သူနိုင်နှင့် Grade-9(B) မှ မဖြူစင်ဝင့်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဇော်မိုး ၇/ညလပ(နိုင်)၀၈၅၈၄၁ ဖြစ်ပါကြောင်း။

**ဦးတင်ဇော်မိုး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ် ၂၅၉၊ဒုတိယထပ်၊၃-လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၂ပေခွဲ x၅၀ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုနိုင်(၁၂/သဃက(နိုင်)၁၆၄၀၅၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးချမ်းဟန်(၁၂/သလန(နိုင်)၀၈၃၄၂၅) တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊၀၉- ၄၄၃၀၂၆၁၉၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဒေါက်တာ ကျော်သူရ (ဘ)ဦးလှညို ၇/ပတန(နိုင်)၀၈၄၇၇၈ အမည်ပေါက် မြေကွက်အမှတ် (ဇ-၈၀၁၀)၊ ဧရိယာ ၀.၁၄၆ဧက၏ မြေပေးမိန့် (မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေပေးမိန့်(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေပေးမိန့်မိတ္တူ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၉၅/၂၀၂၃)၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦး ထောက်ခံချက်၊ ရပ်ကွက် /ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မြောက်ဥက္ကလာပအဝိုင်းထိပ်အနီး၊ နွယ်နီလမ်းမထိပ်အနီး၊ မြေအကျယ်(80' x 60') အုတ်တံတိုင်းခတ်ပြီး၊ အဆောက်အဦး(၁)လုံးပါ၊ ဂရန်အမည်ပေါက်၊ ရေမီးပါ။ **ကျပ်သိန်း(6000)**
၂။ ဆယ်အိမ်တန်းကမ်းခြေ၊ ညေ့ရိပ်သာ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ညေ့ကြိုရုံးခန်း၊ ဝန်ထမ်းလိုင်းခန်း၊ စားရိပ်သာ၊ ခြံခတ်ပြီး၊ ရေစင်၊ မီးပါ၊ **ကျပ်သိန်း(8000)**
၃။ ပဲခူးမြို့တွင် ကိုယ်ပိုင်ခြံကွက်ကို ဈေးသက်သက်သာသာနှင့် အေးအေးဆေးဆေးနေလိုသူများအတွက် ပဲခူးမြို့ရှောင်လမ်းမကြီးအနီး၊ အိုးအိမ်ဝန်ထမ်းအိမ်ရာအနီး၊ လေဆိပ်အဝင်လမ်းအနီး၊ မြို့နယ်အားကစားကွင်းအနီး၊ ပါမစ်မြေ၊ မြေအကျယ်(60' x 80') (၁)ကွက် **ကျပ်သိန်း(400)** (၂)ကွက်တွဲ(60' x 160') **ကျပ်သိန်း (800)**
၄။ ပဲခူးမြို့၊ VIP ရပ်ကွက်၊ မြေအကျယ်(100' x 100')၊ ဂရန်မြေ၊ တစ်ထပ်တိုက်(၁)လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး ရုံးပေါင်းစုံအနီး ဆည်မြောင်းဝင်းဘေး အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း ခြံကျယ်ကျယ်တွင် ကိုယ်ပိုင်ခြံဝန်းနှင့် နေလိုသူများအတွက်။ **ကျပ်သိန်း(800)**
၅။ အမြန်လမ်းမကြီးဘေး၊ ၇၆ မိုင် ၂ ဖာလုံ၊ စားသောက်ဆိုင်၊ ဆီဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ မျက်နှာဝအကျယ်ပေ(၅၃၀)၊ 76 Mile Mini Rest Camp ဘေး ယာမြေ၊ မြေဧရိယာ(၃.၃၉)ဧက။ **ကျပ်သိန်း(900)**
၆။ အမြန်လမ်းမကြီးဘေး၊ ၈၇မိုင်၆ဖာလုံ၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း မျက်နှာဝအကျယ်ပေ (၁၀၀)ကျော်၊ ဥယျာဉ်ခြံမြေ၊ မြေအကျယ်(၁)ဧကကျော်။ **ကျပ်သိန်း(350)**

**ဖုန်း-09-5178979, 09-43022828, 09-451146685, 09-263699715**

---

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မရမ်းကုန်းခရိုင် တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈၇၇

ဒေါ်အေးမြဖြူ **နှင့်** ၁။ ဦးအောင်မင်းနိုင်
၂။ ဦးပြည့်ဖြိုးအောင်
၃။ ဒေါ်ဆုမွန်ကိုကို

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ်၂၇(က)နေ ဦးအောင်မင်းနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုနန္ဒာ ၁ လမ်း၊ အမှတ်(၇၀၃) နေ ဦးပြည့်ဖြိုးအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကတရားလိုပေးချေခဲ့သော မြေကွက်ဖိုးငွေ ကျပ်သိန်း(၆၆၀)တိတိအား ရုံးတော်မှ ဥပဒေနှင့်အညီ ခွင့်ပြုသည့် ထိုက်သင့်သော အတိုးနှုန်းနှင့်တကွ တစ်လုံးတစ်ခဲတည်း လက်ရောက်ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၂ရက်နေ့ (၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်)နေ့ နံနက် ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ဂုဏ်ကျွန်း အလယ်တန်းကျောင်းGrade-8မှ မသန်းသန်းရွှေ၏ ဖခင်အမည်မှန်မှာ ဦးအောင်စိန်မောင် ၁၁/မဥန(နိုင်)၀၅၇၅၇၆ ဖြစ်ပါကြောင်း။

**ဦးအောင်စိန်မောင်**

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ သစ်လှကျေးရွာအုပ်စု၊ သစ်လှကျေးရွာနေ (ဘ)ဦးပေါ်ညွန့်၏သား ကျွန်တော် မောင်မျိုးမင်းဦး ၈/ခမန(နိုင်)၂၀၈၃၃၈ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MD-592910)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါ ရန်။

**ဖုန်း-၀၉-၇၇၁၈၅၇၃၂၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/4617, Howo Sion Truck A7, Tractor Head (6 x 4) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/ကဆန(နိုင်)၀၈၈၈၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ်(၆၅၉)၊ မြေကွက်တည်နေရာအမှတ် (၆၅၉)၊ လဂွန်းအိမ်လမ်း၊ ၄၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးလှမြင့် ISN 521408 အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးလှမြင့်မြေကွက်အား ဦးလှမြင့်၊ ဦးသန့်ဇေယျ၊ ဒေါ်စန်းစန်းအေးတို့အား တရားပြိုင်ထားကာ ဒေါ်ခင်သီတာမိုး၊ ဒေါ်သဇင်ဝင်းတို့မှ တရားလိုပြုလုပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ် ၃၉၅/၂၀၂၁ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၅-၇-၂၀၂၂ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၂၄၁/၂၀၂၃ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်မြသီရိအောင် ၁၁/စတန(နိုင်)၀၅၅၀၉၄ မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ/နိုင်/ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/7130, Howo Sino Truck zz4257Y/ Tractor Head (6 x 4) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/ကဆန(နိုင်)၀၈၈၈၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၄)၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ (၁)လမ်း၊ မြေကွက်အမှတ် (၅၇)၊ အကျယ်အဝန်း (၀.၀၇၈)ဧကရှိ ဦးယောလှ (၉/မကန (နိုင်) ၀၀၀၂၉၀) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးယောလှထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
# ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ – ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် –

(က) **ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ပါရဂူဘွဲ့(ခန္ဓာဗေဒ)<br>Ph.D(Anatomy) | ၃ နှစ် |
| (၂) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)<br>Ph.D(Physiology) | ၃ နှစ် |
| (၃) | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ)<br>Ph.D(Biochemistry) | ၃ နှစ် |
| (၄) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ)<br>Ph.D(Medical Microbiology) | ၃ နှစ် |
| (၅) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ)<br>Ph.D(Pharmacology) | ၃ နှစ် |

(ခ) **ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အထွေထွေဆေးပညာ)<br>Dr.Med.Sc(General Medicine) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အထွေထွေခွဲစိတ်ကုပညာ)<br>Dr.Med.Sc(General Surgery) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(သားဖွားမီးယပ်ပညာ)<br>Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကလေးကျန်းမာပညာ)<br>Dr.Med.Sc(Paediatrics) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>အရိုးရောဂါပညာ)<br>Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(နှလုံးရောဂါပညာ)<br>Dr.Med.Sc(Cardiology) | ၃ နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်<br>အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ရင်ခေါင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်<br>အာရုံကြောဆေးပညာ)<br>Dr.Med.Sc(Neurology) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်<br>အာရုံကြောခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Neurosurgery) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကျောက်ကပ်ရောဂါပညာ)<br>Dr.Med.Sc(Nephrology) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်<br>နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Urology) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်<br>အူလမ်းကြောင်းဆေးပညာ)<br>Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အသည်းရောဂါပညာ)<br>Dr.Med.Sc(Hepatology) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(သွေးရောဂါပညာ)<br>Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကလေးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(မွေးကင်းစကလေးဆေးပညာ)<br>Dr.Med.Sc(Neonatology) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hand Surgery) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Gynaecological Oncology) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(မျိုးပွားမှုဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Reproductive Health) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(မေ့ဆေးပညာ)<br>Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတ်မှန်ပညာ)<br>Dr.Med.Sc(Radiology) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ)<br>Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်<br>လည်ပင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Otorhinolaryngology Head &<br>Neck Surgery) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ဥပဒေရေးရာဆေးပညာ)<br>Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အရိုး၊ အကြောအဆစ်ဆေးပညာ)<br>Dr.Med.Sc(Rheumatology) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါ<br>ပြန်လည်သန်စွမ်းရေးဆေးပညာ)<br>Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်<br>မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကျောရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Spine Surgery) | ၃ နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အသည်းနှင့်သည်းခြေလမ်းကြောင်း<br>ဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hepatobiliary &<br>Pancreatic Surgery) | ၃ နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ဟော်မုန်းရောဂါများအထူးကုပညာ)<br>Dr.Med.Sc(Endocrinology) | ၃ နှစ် |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(စိတ်ကျန်းမာပညာ)<br>Dr.Med.Sc(Mental Health) | ၃ နှစ် |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အပူပိုင်းကူးစက်ရောဂါပညာ)<br>Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| (၃၆) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ)<br>Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| (၃၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ)<br>Dr.Med.Sc(Haematopathology) | ၃ နှစ် |
| (၃၈) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အသားမျှင်ရောဂါဗေဒ)<br>Dr.Med.Sc(Histopathology) | ၃ နှစ် |
| (၃၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ)<br>Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| (၄၀) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အရေပြားရောဂါပညာ)<br>Dr.Med.Sc(Dermatology) | ၃ နှစ် |
| (၄၁) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Paediatric Haemato-Oncology) | ၃ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ခြွင်းချက်သတ်မှတ်ထားသော သင်တန်းများမှအပ သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ) နှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူများဖြစ်ရမည်။

(ဃ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc) အတွက် လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ်မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန် သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ)သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ် ရှိရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံဆေးပညာ)(သို့မဟုတ်) (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက်ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ(ခံတွင်းနှင့်မျက်နှာမေးရိုး ခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)ဘွဲ့ရရှိပြီး ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကု ဌာနတွင် လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူများ (သို့မဟုတ်)ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) သင်တန်းအတွက်ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်)ဆေးပညာမဟာသိပ္ပံ(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(တ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ထ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဒ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဓ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(န) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၄-၈-၂၀၂၃)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့် တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၅-၁၀-၂၀၂၃)ရက် (ကြာသပတေးနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး-၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင် နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅) သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

### ဖခင်အမည်မှန်

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အမက (၁၈)တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်ဝင်း Grade-2(B) မှ ကျောင်းသား၏ ဖခင်အမည်မှန်မှာ ဦးဆာသာပရာကတ် ၇/ဖမန(နိုင်)၁၈၃၈၆၈ ဖြစ်ပါကြောင်း။

**ဦးဆာသာပရာကတ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၂)ရပ်နေ (ဘ)ဦးဘအေး၏ သမီး အမည်မှာ ဒေါ်ခင်သန်းနွဲ့(ခ) ဒေါ်သန်းနွဲ့ ၉/ညဥန(နိုင်)၀၆၈၃၅၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရွာကုန်းကျေးရွာနေ ဦးသိန်းအောင် ၏သား ဦးခင်မောင်မြင့်(ခ)ဦးသန်းမြ၉/တကန(နိုင်)၀၄၂၁၉၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်မြင့်(ခ)ဦးသန်းမြ**

### ဖခင်အမည်မှန်

ထားဝယ်မြို့၊ ဝဲကွန်းမြို့သစ်ရပ်ကွက်၊ ဂုလမ်းနေ မဟာရွှေဂုဏ်ထူး ကိုယ်ပိုင်အထက်တန်းကျောင်း ထားဝယ် G-10 မှ မအိအိငြိမ်း နှင့် G-8မှ မသဲအိဖြူ တို့၏ဖခင် အမည်မှန်မှာ ဦးတင်ထူးအောင် ၁၂/ဒဂမ(နိုင်)၀၁၃၆၆၇ ဖြစ်ပါကြောင်း။

**ဦးတင်ထူးအောင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/70676, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/99072, Jinzheng 110, M/C ယာဉ် လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/7392,SUZUKI SWIFT DZC 63, HATCH BACK (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းဦး ၉/ခအဇ(နိုင်)၀၄၈၀၃၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
### ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**(က) ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာ<br>ဒီပလိုမာDip.Med.Sc<br>(TB & Chest Diseases) | ၁နှစ် |
| (၂) | ကာလသားရောဂါနှင့်ခုခံအားကျဆင်းမှု<br>ကူးစက်ရောဂါပညာဒီပလိုမာ<br>Dip.Med.Sc(STD and HIV infections) | ၁နှစ် |
| (၃) | သွေးသွင်းကုသခြင်းဆိုင်ရာ<br>ဆေးပညာဒီပလိုမာ<br>Dip.Med.Sc(Transfusion Medicine) | ၁နှစ် |
| (၄) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒ<br>ဒီပလိုမာ Dip.Med.Sc<br>(Clinical Pharmacology) | ၁နှစ် |
| (၅) | အထူးကြပ်မတ်ကုသမှုဆိုင်ရာဒီပလိုမာ<br>Dip.Med.Sc(Intensive Care Medicine) | ၁နှစ် |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)<br>M.Med.Sc(Anatomy) | ၂နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)<br>M.Med.Sc(Physiology) | ၂နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ)<br>M.Med.Sc(Biochemistry) | ၂နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)<br>M.Med.Sc(Pharmacology) | ၂နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ<br>(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)<br>M.Med.Sc(Preventive &<br>Tropical Medicine) | ၂နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)<br>M.Med.Sc(Microbiology) | ၃နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)<br>M.Med.Sc(Pathology) | ၃နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ<br>(ဥပဒေရေးရာဆေးပညာ)<br>M.Med.Sc(Medical Jurisprudence) | ၃နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ<br>(ကင်ဆာရောဂါဆေးပညာ)<br>M.Med.Sc(Medical Oncology) | ၃နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ)<br>M.Med.Sc(Radiation Oncology) | ၃နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ<br>(အဏုမြူရောင်ခြည်ဆေးပညာ)<br>M.Med.Sc(Nuclear Medicine) | ၃နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ<br>(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်<br>လည်ပင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Otorhinolaryngology<br>Head & Neck Surgery) | ၃နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)<br>M.Med.Sc(Anaesthesiology) | ၃နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ<br>(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>M.Med.Sc(Rehabilitation Medicine) | ၃နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ<br>(အရေပြားရောဂါပညာ)<br>M.Med.Sc(Dermatology) | ၃နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)<br>M.Med.Sc(Ophthalmology) | ၃နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)<br>M.Med.Sc(Mental Health) | ၃နှစ် |
| (၁၈) | ဆေးပညာမဟာသိပ္ပံ<br>(အရေးပေါ်ကုသမှုဆေးပညာ)<br>M.Med.Sc(Emergency Medicine) | ၃နှစ် |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)<br>M.Med.Sc(Internal Medicine) | ၃နှစ် |
| (၂၀) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)<br>M.Med.Sc(Surgery) | ၃နှစ် |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ)<br>M.Med.Sc(Obstetrics & Gynaecology) | ၃နှစ် |
| (၂၂) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)<br>M.Med.Sc(Paediatrics) | ၃နှစ် |
| (၂၃) | ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Thoracic Surgery) | ၃နှစ် |
| (၂၄) | ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ)<br>M.Med.Sc(Paediatric Surgery) | ၃နှစ် |
| (၂၅) | ဆေးပညာမဟာသိပ္ပံ<br>(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>M.Med.Sc(Plastic Surgery) | ၃နှစ် |
| (၂၆) | ဆေးပညာမဟာသိပ္ပံ<br>(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>M.Med.Sc(Neurosurgery) | ၃နှစ် |
| (၂၇) | ဆေးပညာမဟာသိပ္ပံ<br>(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း<br>ရောဂါခွဲစိတ်ကုပညာ)<br>M.Med.Sc(Urology) | ၃နှစ် |
| (၂၈) | ဆေးပညာမဟာသိပ္ပံ<br>(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>M.Med.Sc(Cardiovascular Surgery) | ၄နှစ် |
| (၂၉) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)<br>M.Med.Sc(Orthopaedics) | ၄နှစ် |
| (၃၀) | ဆေးပညာမဟာသိပ္ပံ (ဓာတ်မှန်ပညာ)<br>M.Med.Sc(Radiology) | ၄ နှစ် |

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက်အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)မြန်မာနိုင်ငံ ဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(မှတ်ချက် – **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနှင့် မေ့ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်)။

(င) လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးပညာမဟာသိပ္ပံ သင်တန်းများအတွက် အသက်(၄၅)နှစ်နှင့် ဒီပလိုမာ သင်တန်းများအတွက် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) **ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်တန်း** အတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဆ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း** အတွက် ဆေးပညာဘွဲ့(သို့မဟုတ်) ဆေးပညာ မဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူများဖြစ်ရမည်။

(ဇ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၄-၈-၂၀၂၃ရက်(သောကြာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၆-၁၀-၂၀၂၃ရက် (သောကြာနေ့)**ဖြစ်ပါသည်။

